http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ

ပထမပြုန်စာမေးပွဲ

# ပထမလက်တန်း

## ပုဏ္ဏာ+အပြေစုံ

( ပြည်နယ် နှင့် တိုင်း–၁၇ )

(၂၀၀၂ – ခုနှစ်)

ပထမအကြိမ်

**အရှင်တိလောကာဘိဝံသ (အင်းစိန်)**

သာသနာ– ၂၅၄၆ ခရစ်–၂၀၀၂ ကောဇာ– ၁၃၆၄

ပုဏ္ဏာ + ပြေစုံ ။ ပထမလက်တန်း

http://www.dhammadownload.com

ဤစာအုပ်၌-

## ပထမလတ်တန်းဆိုင်ရာ


၁။ ပြဋ္ဌာန်းချက်များ

၂။ ပြဋ္ဌာန်းကျမ်းစာများ

၃။ ပုစ္ဆာထုတ်စည်းမျဉ်းများ

၄။ ဘာသာစုံ မေးခွန်းများ

၅။ ဘာသာစုံ အဖြေများ


စသည် စသည်ဖြင့် ပို့ချသူ၊ သင်ယူသူများ နည်းရလောက်အောင် ဝေဝေဆာဆာ တန်ဆာဆင်၍ ဖော်ပြထားသည်။


ဖြန့်ချိရေး

စာပေထိန်းသိမ်းရေးအဖွဲ့

ရွာမပရိယတ္တိစာသင်တိုက်

သံမဏိစက်ရုံလမ်း၊ ရွာမ

အင်းစိန်


ဝိဇ္ဇာ + ဗဟုသုတ (၁)

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ

ပထမပြုန်စာမေးပွဲ

# ပထမလက်တန်း

## ပုဒ္ဓာ+အပြေစုံ

( ပြည့်နယ် နှင့် တိုင်း–၁၇ )

(၂၀၀၂ – ခုနှစ်)

ပထမအကြိမ်

အရှင်တိလောကာဘိဝံသ (အင်းစိန်)

သာသနာ– ၂၅၄၆ ခရစ်–၂၀၀၂ ကောဇာ– ၁၃၆၄

http://www.dhammadownload.com

# ပထမလတိတန်း ပညာ + အဇြေ့ဆုံ
## ( ၂၀၀၂ - ခုနှစ် )


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၄၀ / ၂၀၀၂ (၉) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၂၀ / ၂၀၀၂ (၉) |



ပုံနှိပ်ခြင်း ❑ ပထမအကြိမ်
(၂၀၀၂) ခုနှစ်၊ စက်တင်ဘာလ။

အုပ်ရေ ❑ ၁၀၀၀ အုပ်

တန်ဖိုး ❑ ၈၀၀ - ကျပ်

အတွင်းသား + မျက်နှာဖုံး ❑ ဦးတင်အောင်ကျော် (၀၇၀၅၃)

ပုံနှိပ်သူ
စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၈၇)၊ ၅၆-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ❑ ဦးကျော်ဆန်း
ရဲအောင် စာပေတိုက်
အမှတ် (၂)၊ ခွန်း (၁) လမ်း၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချိရေး ❑ စာပေထိန်းသိမ်းရေးအဖွဲ့
မေဓာဝံသကျောင်းဆောင်
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့။
( ☎ - ၆၄၀၀၇၅ ၊ ၇၀၇၂၆၇ )

http://www.dhammadownload.com

# ပထမလတ်တန်း ပုစ္ဆာ+အဖြေစုံ

## မာတိကာ


| | |
|---|---|
| နိဒါန်းအမှာ | ၈-မှ ၈-ထိ |
| ပထမပြန်စာမေးပွဲသတ်မှတ်ချက်များ | ၈- |
| ပြဋ္ဌာန်းကျမ်းစာ | ၈-မှ ၉-ထိ |
| ပထမလတ်တန်း ပုစ္ဆာထုတ်စည်းမျဉ်း | ၈-မှ ၈-ထိ |
| ပဏာမ | ၁ |
| ရန်ကုန်တိုင်း ပုစ္ဆာနှင့်အဖြေများ | ၂-မှ ၂၂-ထိ |
| ပဲခူးတိုင်းအရှေ့ ပုစ္ဆာနှင့်အဖြေများ | ၂၂-မှ ၃၉-ထိ |
| ပဲခူးတိုင်းအနောက် ပုစ္ဆာနှင့်အဖြေများ | ၃၉-မှ ၅၈-ထိ |
| မန္တလေးတိုင်း ပုစ္ဆာနှင့်အဖြေများ | ၅၈-မှ ၈၅-ထိ |
| စစ်ကိုင်းတိုင်း ပုစ္ဆာနှင့်အဖြေများ | ၈၅-မှ ၉၃-ထိ |
| မကွေးတိုင်း ပုစ္ဆာနှင့်အဖြေများ | ၉၃-မှ ၁၁၀-ထိ |
| ဧရာဝတီတိုင်း ပုစ္ဆာနှင့်အဖြေများ | ၁၁၀-မှ ၁၂၈-ထိ |
| တနင်္သာရီတိုင်း ပုစ္ဆာနှင့်အဖြေများ | ၁၂၈-မှ ၁၄၃-ထိ |
| ကချင်ပြည်နယ် ပုစ္ဆာနှင့်အဖြေများ | ၁၄၃-မှ ၁၆၀-ထိ |
| ကယားပြည်နယ် ပုစ္ဆာနှင့်အဖြေများ | ၁၆၀-မှ ၁၇၂-ထိ |
| ကရင်ပြည်နယ် ပုစ္ဆာနှင့်အဖြေများ | ၁၇၂-မှ ၁၈၉-ထိ |
| ချင်းပြည်နယ် ပုစ္ဆာနှင့်အဖြေများ | ၁၈၉-မှ ၂၀၄-ထိ |
| မွန်ပြည်နယ် ပုစ္ဆာနှင့်အဖြေများ | ၂၀၅-မှ ၂၂၁-ထိ |
| ရခိုင်ပြည်နယ် ပုစ္ဆာနှင့်အဖြေများ | ၂၂၁-မှ ၂၃၆-ထိ |
| ရှမ်းပြည်နယ် (အရှေ့) ပုစ္ဆာနှင့်အဖြေများ | ၂၃၆-မှ ၂၅၁-ထိ |
| ရှမ်းမြောက် ပုစ္ဆာနှင့်အဖြေများ | ၂၅၁-မှ ၂၆၈-ထိ |

http://www.dhammadownload.com

# အရှင်တိလောကာဘိဝံသ (အင်းစိန်)

| | |
|---|---|
| ရှမ်းပြည်နယ် (တောင်) ပဋ္ဌာနှင့်အပြေများ | ၂၆၉-မှ ၂၈၂-ထိ |
| ပထမကျော်တန်း ပဋ္ဌာနှင့်အပြေများ | ၂၈၂- မှ ၂၉၃-ထိ |

## အရှင်တိလောကာဘိဝံသ (အင်းစိန်)၏
## ထုတ်ဝေပြီး ကျမ်းစာများ
### လက်ဆောင်ကျမ်းများ

၁။ မာတိကာ ဓာတုကထာ လက်ဆောင်။
၂။ ယမကလက်ဆောင်။ (အောက် ၅-ကျမ်း)။
၃။ ယမကလက်ဆောင်။ (အထက် ၅-ကျမ်း)။
၄။ ပဋ္ဌာန်းလက်ဆောင် (ဇယား)။
၅။ ပဋ္ဌာန်းလက်ဆောင် (ပို့ချစဉ်)
၆။ အဘိဓမ္မာလက်ဆောင်။
၇။ သဒ္ဒါလက်ဆောင်။
၈။ ဆန်းလက်ဆောင်။
၉။ အလင်္ကာလက်ဆောင်။

### အလေ့ခံကျမ်းများ

၁၀။ (အခြေပြုမူလတန်း။ ပထမငယ်တန်း။ ပထမလတ်တန်း။ ပထမကြီးတန်း)
ပဋ္ဌာ+အပြေစုံစာအုပ်များ-( ၁၉၉၉/ ၂၀၀၀/ ၂၀၀၁-ခုနှစ် )
၁၁။ ( ပထမငယ်တန်း။ ပထမလတ်တန်း။ ပထမကြီးတန်း)
ပဋ္ဌာ+အပြေစုံစာအုပ်များ-( ၂၀၀၂-ခုနှစ် )

### ဓတုသုတကျမ်းများ

၁၂။ ရှင်ပြု ရဟန်းခံအကြောင်း သိကောင်းစရာ၊
၁၃။ ကိုးကွယ်မှုဆိုင်ရာ သိစရာနှင့် ဗုဒ္ဓသာသနာ့သမိုင်း။
၁၄။ ကိုးကွယ်မှုဆိုင်ရာ အကြောင်း သိကောင်းစရာနှင့် ဓေတီပုထိုး။

ဖြန့်ချိရေး- စာပေထိန်းသိမ်းရေးအဖွဲ့
အင်းစိန် ရွာမဝရိယတ္တိစာသင်တိုက်၊ ရုံး- မြဝဝရ၅

http://www.dhammadownload.com



# ဘာသင်နည်းစနစ်

မြန်မာနိုင်ငံ၏ ဝိဋ္ဌကတ်သင်နည်းစနစ်ကို –

၁။ စာကြီးပေါ်က်သင်နည်း

၂။ စာပေးပွဲစနစ်သင်နည်း – ဟု နှစ်မျိုးနှစ်စား တွေ့ရသည်။

ရှေးခေတ်က စာချ, စာသင်ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် စာပေးပွဲကို အခြေမခံတဲ့ ကျမ်းဂန်တတ်မြောက်မှု, ကျမ်းဂန်ပေါ်က်ရောက်မှုကို ပဓာနထား၍ သင်ကြားလေ့လာကြသည်၊ သင်ကြားလေ့လာမှု ပြည့်စုံသောအခါ ထက်မြက်ထူးချွန်သော အချိုပ္ပဂ္ဂိုလ်တို့ အာဇာနည်ရှေးချယ်ပွဲ နှုတ်ပြေ, ရေးပြေ ဝင်ရောက်ပြေဆိုသူများလည်း ရှိခဲ့သည်၊ ပုဂံခေတ်မှ ဦးတျည်ပွေ့ ကုန်းဘောင်ခေတ်မှ **တျော်အောင်စံထား** ဆရာတော်နှင့် ဆရာတော် ဦးဗုဒ္ဓ စသော ပုဂ္ဂိုလ်ကျော်များကို စာပေးပွဲပြင့် ဖော်ထုတ်ပေးခဲ့သည်။

အင်္ဂလိပ် အစိုးရခေတ်လောက်မှ စ၍ ယနေ့တိုင်အောင် များသောအားဖြင့် စာပေးပွဲကို အခြေခံ၍ ဝိဋ္ဌကတ်သင်ကြားမှုပြုလာကြသည်၊ စာပေးပွဲစနစ်ဖြင့် ဝိဋ္ဌကတ်သင်ကြားရာ၌ အခြေခံလုံလောက်စွာဖြင့် ပြဋ္ဌာန်းချက်ကို ပြည့်စုံအောင် လေ့လာ သင်ကြားသူများသည် များသောအားဖြင့် ထူးချွန်သူများဖြစ်ကြသည်၊ အခြေခံလည်း မလုံလောက် ပြဋ္ဌာန်းချက်လည်း မပြည့်စုံ၊ ကောက်နှုတ်ချကဖြင့် ပြတ်လမ်းလိုက်သူများမှာ စာပေးပွဲ အောင်သော်လည်း ထူးချွန်သူများ မဖြစ်ကြ။

ထူးချွန်ပြောင်မြောက်သူများဖြစ်အောင် သင်ရိုးပြဋ္ဌာန်းချက်များကို ပြည့်ပြည့်စုံစုံ ကြည်ကက်စွာ လေ့လာထားကြရမည်။ စာပေးပွဲ မပြေဆိုတဲ့ စာတတ်သူများရှိသော်လည်း ယင်းစာပေးပွဲ မပြေသူများ၏ အရည်အချင်းကို အခြားသူများအလွယ်တကူ မသိနိုင်၊ ဘာမျှအရည်အချင်း မရှိသူကပင် မူလဓမ္မာစရိယ–ဟု ပြောနေကြသဖြင့် အရည်အချင်း ရှိသော်လည်း စာပေးပွဲ ပေတံ မရှိသူများသည် သာမန် စာရင်းထဲဝင်သွားကြရရှာသည်၊ ထို့ကြောင့် –

http://www.dhammadownload.com



အရည်အချင်းရှိသူများ စာပေးပွဲဖြေဆိုထားသင့်သည်မှာ ယုံမှားစရာ မရှိပေ။ စာပေးပွဲ ဖြေဆိုရာ၌လည်း ကြိုတင်ပြင်ဆင်ထားမှု မရှိက အရည်အချင်းရှိသူ ဖြစ်စေကာမူ စာပေးပွဲအောင်မြင်ဘို့ရာ မလွယ်ကူ၊ အောင်မြင်သည့်တိုင်အောင် ထူးထူးခြားခြား အောင်မြင်သူ မဖြစ်နိုင်၊ စာပေးပွဲ အလွယ်တကူ အောင်မြင်ရန်နှင့် ဂုဏ်ထူးပန်းကို ပန်ဆင်လိုသူများ အတွက် ဤအဖြေစုံများကို စိစဉ်ထားခြင်း ဖြစ်ပါသည်။

*ဤအဖြေစုံ စာအုပ်များသည် -*

၁။ လမ်းညွှန်ကောင်း စွယ်စုံပညာရှင်တစ်ဦး သင့်အနားတွင် အမြဲတမ်း ရှိနေသလိုလည်း ဖြစ်နေပါလိမ့်မည်။

၂။ ပုဏ္ဏာ အာဘော်ကြီးဆနည်းကိုလည်း ပေးပါလိမ့်မည်။

၃။ ဖြေနည်း, တင်ပြနည်းကိုလည်း ညွှန်ပြပေးပါလိမ့်မည်။

၄။ မေးခွန်းဟောင်း ရှာဖွေစုဆောင်ရခြင်း နက္ခတ္တလည်း ကင်းဝေးအောင် ကူညီပါလိမ့်မည်။

၅။ မိမိဉာဏ်မမီသော ပုဏ္ဏာ+အဖြေများကို ဖြေရှင်းပေးမည့် ပညာရှင်များ မိမိအနားတွင် အမြဲတမ်း ရှိနေသလိုလဲ ဖြစ်ပါလိမ့်မည်။

ဤသို့စသည် စသည်ဖြင့် သင်၏ လိုအပ်ချက်များကို လမ်းညွှန်ပေးပါလိမ့်မည်။

## အဖြေနှုန်း မိတ်ဆက်ထားပုံ

ယခု ခရစ် ၂၀၀၂-ခုနှစ် တိုင်း ၈-တိုင်းနှင့် ပြည်နယ် ၉-ခု စုစုပေါင်း ၁၇-ဌာနတို့၏ ပထမပြန် ပထမလတ်တန်းပုဏ္ဏာများကို အဖြေနှင့် တွဲဖက်၍ တစ်စုတစ်ဝေးတည်း စုစည်းတင်ပြထားပါသည်၊ ဥပမာ ... ရန်ကုန်တိုင်း ဝိနည်းပုဏ္ဏာ၊ ပြီးလျှင်ရန်ကုန်တိုင်း ဝိနည်းအဖြေ ဆက်ပြထားပါသည်၊ တိုင်းနှင့်ပြည်နယ် တစ်ခုချင်းစီ၏ ဘာသာစုံ ပုဏ္ဏာနှင့်အဖြေ ဆက်စပ်ပြထားခြင်းဖြစ်သည်။ ပုဏ္ဏာသက်သက် လေ့လာသူများ လွယ်ကူစေရန် ဘာသာရပ်တစ်ခု၏ ပုဏ္ဏာနံပါတ်အစုံပြီးမှ အဖြေပေးထားခြင်းဖြစ်သည်။ တစ်ပုဏ္ဏာခြင်း အဖြေနှင့်တွဲထားလျှင် စဉ်းစားဉာဏ်ကို ချိုးနှိမ်ထားသလိုဖြစ်တတ်ပါသည်၊ တိုင်းနှင့် ပြည်နယ်အစဉ်ကိုကား မာတိကာ၌ ကြည့်၍ သိနိုင်ပါသည်။

http://www.dhammadownload.com



## ပုဋ္ဌာလိုအပ်ချက်

အချို့ဘာသာ ပုဋ္ဌာများ ရှာဖွေ၍ မရခြင်းကြောင့် ပုဋ္ဌာနှင့်အဖြေ မတင်ပြနိုင်သည်ကို သည်းခံ ခွင့်လွှတ်ကြဖို့ရန် မေတ္တာရပ်ခံပါသည်။

## ကျေးဇူးအကား

ဤပုဋ္ဌာအဖြေစုံကို စိစဉ်ရာ၌ ရှာမပရိယတ္တိစာသင်တိုက်ရှိ စာချဘုန်းကြီးများနှင့် အချို့သော စာသင်သားများ၏ အကူအညီဖြင့် စိစဉ်ထားပါသည်၊ များသောအားဖြင့် ပြေဆိုပေးသူများ၏ အာဘော်အတိုင်း ထားပါသည်၊ အထူးသဖြင့် ဤအလတ်တန်းပုဋ္ဌာ အဖြေစုံအတွက် -

၁။ **ဦးခေမာစာရ** (သာသနဓဇမဟာစရိယ) မာ+ဓာနှင့် ယမကဘာသာ

၂။ **ဦးသောဘနာလင်္ကာရ** (သာသနဓဇမဟာစရိယ) က (ဓမ္မပဒဘာသာ)

၃။ **ဦးဥာဏဗလ** (သာသနဓဇမဟာစရိယ) က (ဒွေမာတိကာဘာသာ)

၄။ **ဦးဝိမလာစာရ** (သာသနဓဇမဟာစရိယ)က ဇာတက( ဘာသာပြန်)တို့ကို ပြေဆိုပေးကြပါသည်၊ ချွတ်ယွင်းချက်ရှိပါက စနစ်တကျ တည်းဖြတ်မပေးနိုင်သော ပိမိ၏ ချွတ်ယွင်းချက်သာ ဖြစ်ပါသည်။

ဤစာအုပ်အတွက် အမှား, အမှန်စိစစ်ပေးသော **ဦးဝိမလာစာရနှင့်** အပြင်အဆင်မှ စ၍ လိုအပ်သမျှအားလုံးကို စိတ်ရှည်, လက်ရှည် စာစီစာရိုက်ပေး သော **မောင်သန်းရှိန်** (တောင်ပေါ်သား)အား အထူး ကျေးဇူးတင်ပါသည်။

**အရှင်တိုးလောကာဘိဝံသ**

**(အင်းစိန်)**

၁၃ - ၉ - ၂၀၀၂

၁၃ဖြင့-ခု၊ တော်သလင်းလဆန်း ၇ - ရက်၊ ရှာမပရိယတ္တိစာသင်တိုက်

http://www.dhammadownload.com



## ပထမပြဋ္ဌာန်းမေးပွဲနှင့် ပတ်သက်၍ သတ်မှတ်ချက်များ

၁။ မေးခွန်းလွှာတိုင်း (၃) နာရီ မေးခွန်းဖြစ်သည်၊ မွန်းတည့် (၁၂) နာရီမှ ညနေ (၃) နာရီအထိ ပြေဆိုခွင့်ရှိသည်။

၂။ အတန်းအလိုက်မေးမည့် မေးခွန်းအရေအကွက်နှင့် ပြေဆိုရမည့် မေးခွန်း အရေအတွက်မှာ ဘာသာရပ်တိုင်းအတွက် ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

| အတန်း | မေးမည့်မေးခွန်း | ပြေဆိုရမည့်မေးခွန်း |
|---|---|---|
| ပထမငယ်တန်း | ၆ - ပုဒ် | ၆ - ပုဒ် |
| ပထမလတ်တန်း | ၈ - ပုဒ် | ၈ - ပုဒ် |
| ပထမကြီးတန်း | ၁၀ - ပုဒ် | ၁၀ - ပုဒ် |

၃။ တစ်ပုဒ်ချင်းလျှင် (၁၀) မှတ်စီ သတ်မှတ်၍ အောင်မှတ် ၄၀ ရာခိုင်နှုန်းဖြစ်သည်။ ဘာသာတိုင်း အောင်မှတ်ရမှ အတန်းအောင်အဖြစ်သတ်မှတ်ရမည်။

၄။ အောင်ပြင်သူများထဲမှ အမှတ်များရာအလိုက် တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယအဖြစ် ရွေးချယ်သတ်မှတ်မည်။

၅။ ပထမပြန် စာမေးပွဲကို ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် လူဝတ်ကြောင် မည်သူမဆို ဝင်ခွင့်ရှိသည်။

၆။ အောက်အောက်အတန်းကို အောင်ပြင်ပြီးမှသာ အထက်အထက်အတန်း များကို ဝင်ခွင့်ရှိသည်။ အထက်အထက်တန်းများကို အောင်ပြင်ပြီးသူသည် အောက်အောက် အတန်းကို ဝင်ခွင့် မရှိဝေရ။

http://www.dhammadownload.com



# ပြည်ထောင်စု မြန်မာနိုင်ငံတော်
# နိုင်ငံတော်သံဃဓာတုရေးရာဦးစီးဌာန
# ပထမပြိုင်ပွဲနှင့် ပြဋ္ဌာန်းချမ်းအေးများ
# ပထမလတ်တန်း

## ၁။ ဝိနယ (ဒွေ မာတိကာ)

(က) ဒွေမာတိကာ၊ ပါဠိ၊ အနက်၊ အဓိပ္ပါယ်။

(ခ) ကခီအဋ္ဌကထာ – (ကျမ်းအစမှ နိဿဂ္ဂိအဆုံးအထိ) အဓိပ္ပါယ်။

**လူနှင့်သီလရှင်များအတွက် –**

(ဂ) ဓမ္မပဒပါဠိတော် (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်။

(ခ) ဓမ္မပဒအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးအထိ) အဓိပ္ပါယ်။

## ၂။ တစ္ဆည်းသဒ္ဒါကြီး

(က) ကစ္ဆည်းသန္ဓိကြီး (ကျမ်းအစမှ ကိတ်အဆုံးအထိ) ရ–စောင်ပါဠိ၊ အနက်၊ ရှင်းတွက်၊ အဓိပ္ပါယ်။

(ခ) ရူပသိဒ္ဓိ (ကျမ်းအစမှ တဒ္ဓိတ်အဆုံးအထိ) ရှင်း၊ အဓိပ္ပါယ်။

(ဂ) ပုစ်စစ် (ကျမ်းအစမှ သမာသ်အဆုံးအထိ)။

## ၃။ အဘိဓမ္မတ္ထသင်္ဂ

(က) အဘိဓမ္မတ္ထသင်္ဂဟ ၉ – ဝိုင်းပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ်။

http://www.dhammadownload.com



(ခ) ဋ္ဌိကာကျော် ကျမ်းအစမှ ရှင်ပိုင်းအဆုံးထိ အဓိပ္ပါယ်။

## ၄။ မာတိကာ နှင့် မာတုတထာ

(က) သုတ္တန္တိကမာတိကာ ပါဠိ၊ အနက်၊ အဓိပ္ပါယ်။
(ခ) တတုကထာ (အစ မှ စုဒ္ဒသမနယ အဆုံးထိ) ပါဠိ၊ အနက်၊ အရကောက်နှင့် အဓိပ္ပါယ်။

## ၅။ ယမိုက်အရကောက်ကျမ်း

– ယမိုက်အရကောက်ကျမ်း (အောက် (၅) ကျမ်း) ဝိဘင်းထုတ်၊ အနက်ပေး၊ အရကောက်၊ အဓိပ္ပါယ်နှင့် ဂဏ္ဌိ။

## ၆။ ဘာသာပြန်
## ဇာတကနိပါတ်ဇာတ်အဋ္ဌကထာ

– အပါယိမှဝဂ်မှ ကကဏ္ဍကဝဂ်အဆုံးအထိ ဇာတ်ပေါင်း (၇၀) ဆဋ္ဌမ စာမျက်နှာ (၁၅၇)။

http://www.dhammadownload.com



ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမပြန်အားဗဟို
ပထမလတ်တန်း ပုစ္ဆာထုတ်စည်းမျဉ်း

## ၁။ ဝိနယ (ဒွေမာတိကာ) မေးခွန်းလွှာ–၁

(က) ဒွေမာတိကာ

– ပါဠိအာဂုံ ၁–ပုစ္ဆာ

– အနက်ပေး ၁–ပုစ္ဆာ

– ဒွေမာတိကာ ကျမ်းရင်းလာအဓိပ္ပါယ် ၄–ပုစ္ဆာ

(ခ) ကခ်ီအဌကထာ (အစမှ နိဿဂ္ဂိယအဆုံးအထိ)

– အဓိပ္ပါယ် ၂–ပုစ္ဆာ

### လူနှင့်သီလရှင်များအတွက်

(က) ဓမ္မပဒပါဠိတော် (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးထိ)

– ပါဠိ ၁–ပုစ္ဆာ

– အနက် ၁–ပုစ္ဆာ

– ဓမ္မပဒပါဠိတော်လာ အဓိပ္ပါယ် ၃–ပုစ္ဆာ

– ဓမ္မပဒအဌကထာလာ အဓိပ္ပါယ် ၃–ပုစ္ဆာ

## ၂။ ကစ္စည်းသဒ္ဒါကြီး (မေးခွန်းလွှာ– ၂)

(က) ကစ္စည်းသဒ္ဒါကြီး

သန္ဓိမှ ကိတ်အဆုံးအထိ ၇–စောင်

– ပါဠိအာဂုံ ၁–ပုစ္ဆာ

– အနက် ၁–ပုစ္ဆာ

– ရုပ်တွက် ၂–ပုစ္ဆာ

(ပုဒ်ဖြတ်၊ ပုဒ်စပ်၊ ရုပ်ကျဉ်း၊ ရုပ်ကျယ်၊ လိင် ဝုစ်၊ ကာရန်၊ ဂိုဏ်း၊ ဝိဘတ်၊ပုဒ်ပစ္စည်း၊

http://www.dhammadownload.com



ဓာတ်ပစ္စည်း၊ ဝိဘတ် ခွဲခြင်းနှင့် ပဒမာလာစဉ်ခြင်းတို့ ပါဝင်သည်)

– ကစ္စည်းကျမ်းလာ အဓိပ္ပါယ် ၁–ပုစ္ဆာ

(ခ) ရူပသိဒ္ဓိ (ကျမ်းအစမှ တဒ္ဓိတ်အဆုံးအထိ)

– အဓိပ္ပါယ် ၂–ပုစ္ဆာ

(ဂ) ပုဒ်စစ်

– ကျမ်းအစမှ သမာသ်အဆုံးအထိ ၂–ပုစ္ဆာ

၃။ **အဘိဓမ္မတ္ထသင်္ဂဟ (မေးခွန်းလွှာ – ၃)**

(က) **အဘိဓမ္မတ္ထသင်္ဂဟ ၉–ပိုင်း**

– ပါဠိအာဂုံ ၁–ပုစ္ဆာ

– အနက် ၁–ပုစ္ဆာ

– သရုပ် ၂–ပုစ္ဆာ

– သင်္ဂဟကျမ်းလာအဓိပ္ပါယ် ၂–ပုစ္ဆာ

(ခ) **ဋီကာကျော်အောက် ၆–ပိုင်း**

– အဓိပ္ပါယ် ၂–ပုစ္ဆာ

၄။ **သုတ္တန္တိကမာတိကာနှင့် ဓာတုကထာ (မေးခွန်းလွှာ– ၄)**

– သုတ္တန္တိက မာတိကာ ၁–ပုစ္ဆာ

– ဓာတုကထာ ဥဒ္ဒေသ ၂–ပုစ္ဆာ

– ဓာတုကထာအစမှ စုဒ္ဓသမနယအဆုံးအထိ ၅–ပုစ္ဆာ

(ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်များကို သင့်လျော်သလို မေးနိုင်သည်၊ ပါဠိ၊ အနက် ကို မေးရာ၌ တစ်ပုဒ်စီထက် မပိုစေရ)

၅။ **ယမက (အောက် ၅–ကျမ်း) မေးခွန်းလွှာ– ၅**

http://www.dhammadownload.com



- မူလယမိုက်မှ ၂–ပုစ္ဆာ
- ခန္ဓယမိုက်မှ ၂–ပုစ္ဆာ
- အာယတနယမိုက် + ဓာတုယမိုက်မှ ၂–ပုစ္ဆာ
- သစ္စယမိုက်မှ ၂–ပုစ္ဆာ

**မှတ်ချက်**

ပါဠိဝိဘင်းထုတ်စေခြင်း ၂–ပုစ္ဆာ
အရကောက်၊ အဓိပ္ပါယ် ၄–ပုစ္ဆာ
အနက် ၁–ပုစ္ဆာ
ဂဏ္ဌိမှ ၁–ပုစ္ဆာ မေးရမည်။

**၆။ ဘာသာပြန် (ဇာတ်အဋ္ဌကထာ) (မေးခွန်းလွှာ – ၆)**

ဧကကနိပါတ် ဇာတ်အဋ္ဌကထာ အပါယိ ဝဂ်မှ ကကဏ္ဏကဝဂ် အဆုံးအထိ ဇာတ်ပေါင်း(၇၀) ဆဋ္ဌမှု စာမျက်နှာ – (၁၅၇)

- ပါဠိကို မြန်မာပြန်ဆိုစေခြင်း ၃–ပုစ္ဆာ
- မြန်မာကို ပါဠိပြန်ဆိုစေခြင်း ၂–ပုစ္ဆာ
- ပါဠိဝေါဟာရများကို ထုတ်ပြ၍ ဝါကျတည်ဆောက်စေခြင်း ၁–ပုစ္ဆာ
- ဇာတ်ဝတ္ထုများကို အကျဉ်းချုပ်မြန်မာဘာသာဖြင့်ရေးသားစေခြင်း ၁–ပုစ္ဆာ
- ဇာတ်ဝတ္ထုမှ ရယူအပ်သောသင်ခန်းစာများကို ရေးသားစေခြင်း ၁–ပုစ္ဆာ

http://www.dhammadownload.com

http://www.dhammadownload.com



# ဝဏ္ဏာ

သမ္ဘဒ္ဒနာမံ ပရမတ္ထတာရံ၊
နာထံ နမဿိတ္ဝာန ဝိသဇ္ဇနာတံ။
သောတုနမတ္ထာယ ပဟာယ ခေဒံ၊
ကဿာမိ နာနာနယဒီပကံ မံ။

(ဘ-ဖွဲ့ ဂ္ဂန္ဓဝဇိရာဂါထာ)

အဟံ- ခန္ဓာပေါ်တွင် ပညတ်တင်လျက် အစဉ်ပြောကြ တိလောက-ဟု နာမတွင်ခေါ် တပည့်တော်သည်၊ ပရမတ္ထတာရံ- မြတ်သောအကျိုးကို ဆောင်တော်မူတတ်သော၊ သမ္ဘဒ္ဒနာမံ- သမ္ဘဒ္ဒ-အမည်ရှိသော၊ နာထံ- ဝေနေယျများ သောင်းတိုက်သားတို့၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားကို၊ နမဿိတ္ဝာန- ဦးညွှတ်ရိုကျိုး ရှိခိုးပြီး၍ ခေဒံ- ပင်ပန်းနွမ်းနယ်မှုကို၊ ပဟာယ- ပယ်စွန့်၍၊ သောတုနံ- စာသင်ယူနေ အခြေပြုတို့၏၊ အတ္ထာယ- အကျိုးငှာ၊ နာနာနယဒီပကံ- ပြေနည်းပြေပုံ အဝိုဝိုကို သေချာကျန ဖော်ပြတတ်သော၊ ဂ္ဂမံ ဝိသဇ္ဇနံ- ဤ ပထမလတ်တန်း အဖြေစုံကျမ်းကို၊ ကဿာမိ- ရေးသားတိထွင် စီရင်ပေအုံ့။

မှတ်ချက်။ ။ ဝိသဇ္ဇန-သဒ္ဒါ နပုံလိုင်, ဂ္ဂတ္ထိလိုင် နှစ်မျိုး သုံးနိုင်ကြောင်း မိန့်ဆိုကြသည်၊ ဂ္ဂတ္ထိလိုင်ဖြစ်လျှင် နာနာနယဒီပကံ-ဟု ဝိသေသန ထားရမည်၊ ဤ၌ကား နပုံလိုင်ကို ရည်ရွယ်၍ ဒီပကံ-ဟု သုံးထားသည်။

http://www.dhammadownload.com

http://www.dhammadownload.com

# အရှင်ဘိလောကာဘိဝံသ (အင်းစိန်)

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပထမပြန်စာမေးပွဲကျင်းပရေးပဟိုအဖွဲ့ခွဲ(ရန်ကုန်တိုင်း)
ပထမလတ်တန်း။ ။ ဓမ္မပဒဘာသာ
၁၃၆၃-ခုနှစ်၊ တပေါင်းလဆန်း(၆)ရက်၊ (၁၉-၃-၂၀၀၂) အင်္ဂါနေ့

၁။ ပဏ္ဍိတဝဂ်၊ ပဠသတအာဂန္တုကဘိက္ခုပတ္ထုလာ အောက်ပါပေယျာလဂါထာတို့ကို ပါဠိ မှန်ကန်စွာ ဖော်၍ရေးသားပြပါ။

တတြာဘိရတိမိစ္ဆေယျ (ပ) တေ လောကေ ပရိနိဗ္ဗုတာ။

၂။ သဟသဝဂ်၊ သာရိပုတ္တသုတ္တသဟယကပြဟ္ဓဏဝတ္ထုလာ- အောက်ပါ ပေယျာလ ဂါထာကိုဖော်၍ အနက်မှန်မှန်ပေးပြပါ။

ယံကိဉ္စိ ယိट्ठं ဝ ဟုတံ ဝ (ပ) ဥဇ္ဇုဂတေသု သေယျော။

၃။ ဒဏ္ဍဝဂ်၊ မဟာမောဂ္ဂလာနတ္ထေရဝတ္ထုလာ မပြစ်မှားသင့် မပြစ်မှားထိုက်သည့် ပုဂ္ဂိုလ်တို့အပေါ်၌ ပြစ်မှားကျူးလွန်ခြင်းကြောင့် ခံစားရမည့်အပြစ် ၁၀-မျိုး မကောင်းကျိုးကို ပါဠိမြန်မာတွဲဖက်၍ ဖြေဆိုပြပါ။

၄။ ဗုဒ္ဓဘုရားရှင်ကိုယ်တိုင်ပြတော်မူသော သြဝါဒပါတိမောက်ဂါထာတို့ကို မြန်မာစကားပြေ ရေးသားပါ။

http://www.dhammadownload.com



၅။ ပဏ္ဍိတဝဂ်၊ ဆန္ဒတ္ထေရဝတ္ထု၌ (က) ပါပမိတ္တအရ၊ (ခ) ပုရိသာဒမ–အရတို့ကို ဆရာနည်းကျ ဖော်ပြ၍၊ ဖွားဖက်တော် အရှင်ဆန္ဒထေရ်အကြောင်း အကျဉ်းသိသာစေလျက် ဗုဒ္ဓဘုရားရှင်ကိုယ်တိုင် အရှင်ဆန္ဒအား မည်သည့်အပြစ်ပေးရမည်ဟု ညွှန်ကြားတော်မူခဲ့ပါသနည်း။

၆။ အိမ်စဉ်မပြတ် ဆွမ်းခံဝတ်ကား မရှုတ်စေရ သမ္ဘဒ္ဒတို့ ဝံသနွယ်စစ် ကျင့်ရိုးဖြစ်သည်–ဟု ဘုရားရှင်က ခမည်းတော်ကြီးအား အသိပေးနှစ်သိမ့်ဟောကြားသော တရားကို သေချာစွာရေးသားပါ။

၇။ သဟသ္ဿဝဂ်၊ သံကိစ္စသာမဏေရဝတ္ထု–အရ သံကိစ္စသာမဏော–၏ ကိုယ်ရေးအတ္တုပ္ပတ္တိကို အောက်ပါအချက်အလက်များ ပါဝင်စေလျက် အကျဉ်းမျှ ရေးသားခဲ့ပါ။
(က) သာမဏော၏ ဆရာ၊ (ခ ) မိခင်၊ (ဂ) မိခင်ဝမ်း၌ ဆင်းရဲရပုံ၊
(ဃ) သံကိစ္စမည်ပုံ၊ (င ) မည်သည့်အရွယ်၌ ရဟန္တာဖြစ်ပုံ။

၈။ လောကဝဂ်၊ အသဒိသဒါနဝတ္ထုအရ ဘုရားတစ်ဆူ တစ်ဆူလက်ထက်၌ အသဒိသဒါနကို တစ်ကြိမ်သာ ပြုလုပ်စီမံနိုင်ကြရာ ယင်းအသဒိသဒါန–အကြောင်းကို စီမံသော ပုဂ္ဂိုလ်များ, စီမံရာနေရာ, စီမံပုံ အခြင်းအရာများ ပါဝင်စေလျက် လိုရင်းတိုရှင်းရေးသားပါ။

## ရန်ကုန်တိုင်း။ လတ်။ ဓမ္မပဒဘာသာအဖြေ

၁။ ( ပဌသတအာဂန္တုကဘိက္ခုဝတ္ထု၊ ဂါထာ – ၈၃–၈၉၊ ၆–ပ ၃၈၀။ )

၂။ ( သာရိပုတ္တတ္ထေရဿ သဟာယကမြာဟွဏဝတ္ထု၊ ဂါထာ ၁၀၈၊ ၆ ပ– ၄၂၂။ )

၃။ ( ပဲခူးတိုင်း–အနောက်– ၄–တွင် ရှုလေ။ )

၄။ မကောင်းမှုဟူသမျှကို မပြုလုပ်ရာ၊ ကောင်းမှုဟူသမျှကို ပြုလုပ်ရာ၏။ မိမိစိတ်ကို ဖြူစင်အောင်ထားရာ၏။ ဤသုံးပါးသည် ဘုရားရှင်တို့၏ အဆုံးအမဖြစ်သည်၊
သည်းခံခြင်းသည် မြတ်သောအကျင့်ဖြစ်၏။ နိဗ္ဗာန်ကို အလွန်မြတ်သော တရားဟု ဘုရားရှင်တို့ ဟောတော်မူကုန်၏။ ရဟန်းသည် သူတစ်ပါးကို မညှင်းဆဲ

http://www.dhammadownload.com


မသတ်ဖြတ်ရာ၊ သူတစ်ပါးကို ညှင်းဆဲသတ်ဖြတ်လျှင် ရဟန်းမဟုတ်ပေ။

သူတစ်ပါးကို မကဲ့ရဲ့မစွပ်စွဲ မညှင်းဆဲရာ၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်ရာ၏။ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ပမာဏကို သိအပ်၏။ ဆိတ်ငြိမ်ရာ အရပ်၌ နေထိုင်ရာ၏။ အမြင့်မြတ်ဆုံးတည်ကြည်မှု အဓိစိတ္တသိက္ခာကို ပွားများ အားထုတ်ရာ၏။ ဤသည်တို့ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပါတည်း။

( ဂါထာ ၁၈၃၊ ၄=၅။ ၆ ၃- ၁၅၃-၄)။

၅။ (က) ကာယဒုစရိုက်စသည့် အကုသိုလ်ကံ၌ အလွန်မွေလျော်သူကိုယူ၊

(ခ ) ဦးစပ်ဖောက်ခြင်း-စသည်၌လည်းကောင်း နှစ်ဆယ့်တစ်ပါးသော အနေသန အစရှိသော အပြားရှိသော အရာမဟုတ်သည်၌ ယှဉ်သောသူတို့ကိုယူ။

အရှင်ဆန္ဒသည် "ငါသည် ငါတို့၏ အရှင့်သားနှင့်အတူ တောထွက်ခဲ့၏၊ ထိုအခါ ငါမှတစ်ပါး အခြားသော ပုဂ္ဂိုလ်တစ်ယောက်မျှမရှိ၊ ယခုအခါ၌ကား ငါသည် သာရိပုတ္တရာမည်၏၊ ငါသည် မောဂ္ဂလာန်မည်၏၊ ငါတို့သည် အဂ္ဂသာဝကတို့တည်း-ဟု ပြောဆိုကာ လှည့်လည်ကုန်၏-ဟူ၍ အဂ္ဂသာဝကနှစ်ပါးကို ဆဲရေး၏၊ ထိုအကြောင်းကို ဘုရားရှင်သိတော်မူရာ အရှင်ဆန္ဒကို ဩဝါဒပေးတော်မူ၏၊ ခဏသာလျှင်ဆိတ်ဆိတ်နေ၍ တစ်ဖန် ဆဲရေးပြန်၏။

အရှင်ဆန္ဒအား ဗြဟ္မဒဏ်ပေးရန် ညွှန်ကြားတော်မူခဲ့သည်။ ( ၆-ပ၊ ၃၅၀ )

၆။ ( ပဲခူးတိုင်း အနောက် ၅-တွင်ရှုလေ။ )

၇။ (က) အရှင်သာရိပုတ္တရာ၊

(ခ ) သာဝတ္ထိမြို့မှ ပြည့်စုံကြွယ်ဝသော အမျိုးကောင်းသား၏ သမီး၊

(ဂ ) သံကိစ္စသာမဏေလောင်း ဝမ်းဗိုက်နန်းအောင်စဉ် တစ်ခုသောအနာကြောင့် သေရရှာသည်၊ အလောင်းကောင်ကို မီးရှို့အပ်သော် သန္ဓေအိမ်အသားကို ထား၍ ကြွင်းသောကိုယ်ခန္ဓာသည်သာ လောင်းကျွမ်း၏။ ထိုအခါ အလောင်းကောင်၏ သန္ဓေအိမ်သားကို ထင်းပုံမှချ၍ တံစူးဝါးဖြင့် ထိုးဆွကုန်၏။ တံစူးဝါးစွန်းသည် သူငယ်၏ မျက်စိထောင့်စွန်းကို ထိုးမိသွား၍ ဤသို့ သန္ဓေအိမ်သားကို ထိုးဆွကာ မီးကျီးစုဌ ပစ်ချပြီး မီးကျီးဖြင့် ဖုံးလွှမ်းသွားကြသည်။

(ဃ ) တံစူးဝါးဖြင့် မျက်စိတောင့်စွန်းကို ထိုးခတ်မိသောကြောင့် သံကိစ္စ-ခေါ်သည်။

(င ) ၇-နှစ်အရွယ်ဖြစ်သည်။ ( ၆ ပ- ၄၂၆။ )

http://www.dhammadownload.com



၈။ အသဒိသဒါနကို- မိန်းမများ စီရင်ကြသည်။
ဤဘုရားရှင်လက်ထက်၌ မလ္လိကာမိဖုရားကြီး စီရင်သည်။
စီရင်ပုံ- သာလကလျာဏီမည်သော ကြောင်လျှာသား, နပဲသားဖျဉ်ချပ်တို့ဖြင့် ရဟန်း ၅၀၀-အလို့ငှါ နန်းတော်အတွင်း အကွေ့အတွင်း၌ နေရာမဏ္ဍာပ်ကို ပြုစေရမည်၊ ကြွင်းကုန်သော သံယာတို့သည် အကွေ့အပြင်ပ၌ နေကြရမည်၊ ထီးဖြူငါးရာ ပြုစေလျက် ယင်းထီးဖြူတို့ကိုကိုင်လျက် ဆင်ငါးရာတို့သည် ငါးရာသောရဟန်းတို့ ဦးထိပ်ထက်၌ ဆောင်းမိုးလျက် တည်နေကြရမည်၊ ရွှေနီပုဇွန်ခွံအုပ်သော ရှစ်စင်း ဆယ်စင်းသော လှေတို့ကို ပြုစေသည်၊ ထိုလှေတို့အကြား၌ မင်းသမီးတစ်ယောက်စီ နေကုန်လျက် နံ့သာကြိတ်သွေးကာ တစ်ယောက် တစ်ယောက်သော မင်းသမီးက ယပ်ကိုင်လျက် နှစ်ပါး နှစ်ပါးသော ရဟန်းတို့ကို ယပ်ခတ်ပေးကြရမည်၊ ကြွင်းသော မင်းသမီးတို့သည် သွေးတိုင်း သွေးတိုင်းသော နံ့သာတို့ကို ဆောင်ယူ၍ ရွှေလှေတို့၌ ထည့်ကြပြီး အရှေ့သောမင်းသမီးတို့က ကြာညိုပန်းစည်းတို့ကို ကိုင်ယူကာ ရွှေလှေတို့၌ ထည့်အပ်သော နံ့သာတို့ကို ဖျန်းနှောက်သဖြင့် အထုံအနံ့ကိုယူစေကြရမည်။

( ၆- ၃ ၁၂၀။ )

## ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ(ရန်ကုန်တိုင်း)
## ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ
## ၁၃၆၃-ခုနှစ်၊ တပေါင်းလဆန်း(၆)ရက်၊ (၁၉-၃-၂၀၀၂) အင်္ဂါနေ့

၁။ ဘိက္ခုနီပါတိမောက်လာ ဒါယကာတို့အိမ်သို့ ချဉ်းကပ်၍ ထိုင်မှု စသည်ပြုလုပ်မိခြင်း ကြောင့် ဘိက္ခုနီအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

၂။ ဥစ္စာနွမ်းပါး သဒ္ဓါတရားပေါများသော ဒါယကာ ဒါယိကာမများအထံ ကျန်းမာရေး ကောင်းသော ရဟန်းတော်များ ခဲဘွယ်ဘောဇဉ်အလှူခံမှုနှင့် ပတ်သက်၍ ဘုရားရှင် ပညတ်ထားသော သိက္ခာပုဒ်ကို အနက်ပေးပြပါ။

၃။ အနိယတပဋ္ဌမသိက္ခာပုဒ်လာ တိဏ္ဏံ ဓမ္မာနံ-၌ တိ-အရ တိကျပေါ်လွင်စွာ ကောက်ပြ၍ ယင်းတိ-အရ အာပတ်တို့ကို မည်ကဲ့သို့ကုစားရမည်ကိုလည်း စနစ်တကျ ခွဲခြားပါ။

၄။ တစ်ခဏတာမျှ မခွဲခွာချင်- ဟု ဆိုသည့်ပမာ ရဟန်းတော်များနှင့် တစ်ညဉ့်သော်မျှ

http://www.dhammadownload.com



မကင်းကွာကောင်းသော သက်နှိုးတို့ကို ထုတ်ပြ၍ ကင်းကွာသော်လည်း အာပတ် မသင့်သောရဟန်း ရှိ/မရှိ သာဓကပြကာ ဖြေဆိုပါ။

၅။ ဘိက္ခုနီတို့၏ ယောက်ျားနှင့် တူနှစ်ကိုယ်အနီးကပ် ရပ်တည်စကားပြောခွင့်မရှိသော အရပ်တို့ကို မြန်မာဘာသာဖြင့် ဖော်ပြ၍ သိက္ခာမာန် အမျိုးအစားတို့ကိုလည်း အသက် အပိုင်းအခြားအားဖြင့် ခွဲခြားပြပါ။

၆။ သံဃာသည် သံဃာအား နိဂ္ဂဟကံ ပြုနိုင်/မပြုနိုင် သဘာဝ,သာဓက နှစ်မျိုးစုံပြလျက် ဖြေဆိုပြီးလျှင်၊ သံဃာဒိသေသ်အာပတ်သင့်နေသောရဟန်းသည် မိမိဥပဇ္ဈာယ်ဆရာကို မြင်သော်လည်း ရှက်သောကြောင့် အာပတ်ကိုမပြောကြားခဲ့သော် ဇာနံ ပဋ္ဌာဒေတိ –အရ ဖုံးလွှမ်းရာ ရောက်/မရောက် ကခ်ါအလိုကျ ဖြေရှင်းပြပါ။

၇။ ဒါယကာတစ်ယောက်က ရဟန်းတစ်ပါးအား ဥဘတော သံဃသ တုယ္ဘ ဒမ္မိ၊ သံဃသ တုယ္ဘ ဒမ္မိ–ဟု လှူဒါန်းခဲ့သော် ပုဂ္ဂလိက ချီးသောရဟန်းသည် သံဃာ့ထံမှ မိမိအတွက် နောက်ထပ် ရနိုင်ခွင့်ရှိ/မရှိ အကြောင်းနှင့်တကွ ဖြေဆိုပါ။

၈။ ဖော်ပြပါ ရဟန်း,ရဟန်းမတို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်ထောက် ၍ ဖြေဆိုပါ။
(က) ခင်မင်လိုရ်ခြင်း အမျိုးသမီးအား ပန်းပေးသောရဟန်း။
(ခ ) နေ့လွဲအခါ၌ ကျောင်းဘုန်းကြီးကို မပန်ပြောဘဲ ရွာတွင်းသို့ သွားသောရဟန်း။
(ဂ ) အုတ်တံတိုင်း တစ်ဘက်သို့ စည်းကမ်းမဲ့စွာ အမှိုက်စွန့်သောရဟန်းမ။
(ဃ) ရင်ဘတ်ကို ထုလျက် ငိုကြွေးသော ရဟန်းမ။
(င ) ရင်စည်းတဘက်မပါဘဲ မြို့ရွာတွင်း ဝင်သောရဟန်းမ။

## ရန်ကုန်တိုင်း။ လတ်။ ဒွေမာတိကာဘာသာအဖြေ

၁။ ( အနာပတ္တာပဏ္ဏမန်၊ အနာပတ္တာအဘိနိသီဒန၊ အနာပတ္တာသဉ္ဇ္ဈရဏသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။ )

၂။ ( ဘိက္ခု၊ တတိယပါဠိဒေသနီယသိက္ခာပုဒ်ကို အနက်ရေးလေ။ )

http://www.dhammadownload.com



၃။ **တီ–အရ–** မေထုနဝမ္မပါရာဇိက, ကာယသံသဂ္ဂ သံယာဒိသေသ်, ရဟောပဋိစ္ဆန္န ပါစိတ်အာပတ် တို့ဖြစ်သည်။

ပါရာဇိကအာပတ်သင့်သူသည် လူ, သာမဏေအဖြစ်ပြောင်း၍ ကုစားရမည်။

**သံယာဒိသေသ်ကုစားပုံ–** သံယာဒိသေသ်အာပတ်သင့်သောရဟန်းသည် သိလျှက် အာပတ်ကို ဖုံးလွှမ်းထားသော ရက်နှင့်အမျှ အလိုမရှိဘဲလည်း ပရိဝါသ်နေရမည်၊ ပရိဝါသ်ကို ကျင့်သုံးပြီးသောရဟန်းသည် ၆–ညဉ့် ၆–ညဉ့်ထက်အလွန် ရဟန်းတို့ မြတ်နိုးစေခြင်းငှာ မာနတ်ကျင့်ရမည်၊ မာနတ်ကျင့်ပြီးသောရဟန်းကို ၂–ကျိပ်အရေ အတွက်ရှိသော ရဟန်းသံယာအပေါင်းတို့က သိမ်ဌ် အဘ္ဘာန်သွင်းပေးရပါမည်။

သုဒ္ဓပါစိတ်အာပတ်သင့်သူသည် ဒေသနာပြောကြား၍ ကုစားရမည်။

၄။ သင်းပိုင်, ကိုယ်ရုံ, ဒုကုဋ္ဌ တို့ဖြစ်ကြသည်။

ကင်းကွာသော်လည်း အာပတ်မသင့်သောရဟန်း ရှိပါသည်။

**သာဓက–** အညတြ ဘိက္ခုသမ္ဘူတိယာ။

၅။ ညဉ့်မှောင်မိုက်အရပ်, ဆီမီးစသောအရောင်မရှိသောအရပ်၊ လွင်တီးခေါင်အရပ်၊ ရထားသွားလောက် ထုတ်ချင်းပေါက်သောလမ်း, ထုတ်ချင်းမပေါက်သောလမ်း, သမ်းဆုံလမ်းခွ။

**သိက္ခာမာန်အမျိုးအစား–** အသက် ၂၀–ကျော်ပြီးသော သိက္ခာမာန်သည် မဟာသိက္ခာမာန်၊ အသက် ၁၀–နှစ်မှ ၁၈–နှစ်အထိ သိက္ခာမာန်သည် ဂိဟိဂတသိက္ခာမာန်၊ အသက် ၁၈–နှစ်မှ ၂၀–နှစ်အထိသည် ကုမာရိဘူတသိက္ခာမာန်။

၆။ သံယာသည် သံယာအား နိဂ္ဂဟကံ မပြုနိုင်ပါ။

**သဘာဝ–** သုံးပါးအထက်ရဟန်းများသည် ကမ္မာရဟပုဂ္ဂိုလ်များ မဟုတ်ကြသော ကြောင့်တည်း။

**သာဓက–** ကောဝါ ဒွေ ဝါ တယော ဝါ။

ဥပဇ္ဈာယ် စသောအဖြစ်သည် ပမာဏမဟုတ်၊ သဘာဂသည်သာ ပမာဏဖြစ်သောကြောင့် မိမိဥပဇ္ဈာယ်ဆရာကိုမြင်သော်လည်း ရှက်သောကြောင့် အာပတ်ကို မပြောကြားခဲ့သော် ဖုံးလွှမ်းရာရောက်ပါသည်။

၇။ ဥဘတော သံယသ တုယ္ဘ ဒမ္မိ–ဟု လျှောက်နိုင်းခဲ့သော် ပုဂ္ဂလိက ရပ်ပြီးသောရဟန်းသည်

http://www.dhammadownload.com



သံယာထံမှ မိမိအတွက်နောက်ထပ် ရဝိုင်ခွင့်ရှိသေးသည်၊
အကြောင်းကား– ဥဘတော သံယသဒ္ဒါဖြင့် ထိုပုဂ္ဂိုလ်ကို ယူရသောကြောင့်တည်း။
သံယသ စ တုယ္ဟ ဒမ္မိ–ဟု လူဒါန်းခဲ့သော် သံယာထံမှ မိမိအတွက် နောက်ထပ် ရဝိုင်ခွင့်မရှိတော့ပါ။
အကြောင်းကား– သံယသဒ္ဒါဖြင့် ထိုပုဂ္ဂိုလ်ကို မယူရသောကြောင့်တည်း။

၈။ (က) ကုလဒူသကသိက္ခာပုဒ်ဖြင့်– ဒုက္ကဋ်၊
(ခ ) ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်ဖြင့်– သုဒ္ဓပါစိတ်၊
(ဂ ) ပဌမ ဥစ္စာရဆဋ္ဌနသိက္ခာပုဒ်ဖြင့်– သုဒ္ဓပါစိတ်၊
(ဃ) ရောဒနသိက္ခာပုဒ်ဖြင့်– သုဒ္ဓပါစိတ်၊
(င ) အသံကစ္စိကာသိက္ခာပုဒ်ဖြင့်– သုဒ္ဓပါစိတ်။

## ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ(ရန်ကုန်တိုင်း)
## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ
## ၁၃၆၃–ခုနှစ်၊ တပေါင်းလဆန်း(၇)ရက်၊ (၂၀–၃–၂၀၀၂) ဗုဒ္ဓဟူးနေ့

၁။ အောက်ဖော်ပြပါသုတ်တို့ကို သုတ်, ဝုတ္တို, ဥဒါဟရဏ် ပါဠိကုန်စင်အောင် ရေးပါ။
(က) နာမ်ကျမ်းလာ နာ–ဝိဘတ်ကို သော–ပြုသောသုတ်။
(ခ ) ဣတ္ထိလိင်အရာ၌ အ–ပစ္စည်း,တိ–ပစ္စည်း, ယု–ပစ္စည်းသက်သောသုတ်။

၂။ ဝဂ္ဂ ယောသာယောသာနံ တတိယ ပဌမာ–သုတ်၌ (က) ယောသအရ၊ (ခ) အယောသ–အရတို့ကို အထောက်အထားပြလျက် အသီးသီးကောက်ပြ၍ သွာ နာ–သုတ်၌ လိုက်လာသော တတောသဒ္ဒါ၏ အကျိုးကိုလည်း ပုံစံနှင့်တကွဖြေဆိုပါ။

၃။ အောက်ဖော်ပြပါ ပုံစံတို့ကို အနက်ပေးပြပါ။
(က) ပ္ပသေယျ တံ ဝဿသတံ အရောဂံ၊
(ခ ) ဗုဒ္ဓသွာ ပတိ သာရိပုတ္တော ဓမ္မဒေသနာယ ဘိက္ခူ အာလပတိ တေမာသံ။
(ဂ ) ပိဏ္ဍောရက္ခံသဗာဟု၊ (ဃ) သာဂရော၊ (င) ဩပနယိကော။

၄။ အောက်ပါတို့တွင် (က–ခ)ကို ဝိဂ္ဂဟပြု၍ (ဂ–ဃ–င)တို့ကို ဓာတု, ပစ္စယ ဝေဖန်ပါ။

http://www.dhammadownload.com



(က) ပစ္စက္ခမ္မာ၊ (ခ) အာသဘံ၊ (ဂ) ခိဏာ၊ (ဃ) မူဠ္ဟာ၊ (င) ဥရဂါ။

၅။ ဝက္ခာမိ သုတ္တဟိတမေတ္တ သုသန္ဓိကပ္ပ-၌ (က) ဣတ္ထ-ကိုနာမ်ရုပ်၊ (ခ) ဝက္ခာမိ-ကို အာချာတ်ရုပ်၊ (ဂ) သန္ဓိ-ကို ကိတ်ရုပ်ကျဉ်း စီရင်ပြပါ။

၆။ ပဋ္ဌာဒီန မကာရော-သုတ်ဖြင့် အ-ကို အ-ပြုရခြင်းအကျိုးကို ဖော်ပြ၍ ပါပါ စိတ္တံ နိဝါရယေ-ဟူသောပုံစံ၌ ကိယ်ဖြင့် ခွဲခွာမှုမရှိပါဘဲလျက် အဘယ့်ကြောင့် အပါဒါန် ဖြစ်ရသည်ကိုလည်း ဖြေဆိုပါ။

၇။ ဒ္ဒိပဒေ တုလျာဓိကရဏော ကမ္မဓာရယော-ဟူသောသုတ်၌ တုလျာဓိကရဏာ-၏ အဓိပ္ပါယ်ကို ရေးသား၍ ဝုဒ္ဓါဒိသရသ ဝါ သံယောဂန္တသ သဏော စ-သုတ်ဖြင့် ဝုဒ္ဓိပြုရာ၌ ဝါ-သဒ္ဒါက ပိုင်းခြားသတ်မှတ်ပြသော ဝိဓိသုံးမျိုးကိုလည်း ပုံစံနှင့်တကွ ဖြေဆိုပါ။

၈။ အောက်ပါတို့ကို ပုဒ်စစ်ကျမ်းလာအတိုင်း ပုံစံနှင့်တကွ ဆိုရိုးကျ ရေးပါ။
(က) တိလိင် နှစ်ပါး (ခ) ဂုဏအစ္စန္တသံယောဂ၊ (ဂ) ဒိသန္တရာဌတ္ထမဟုဇ္ဇိဟိ။

## ရန်ကုန်တိုင်း။ လတ်။ ကစ္စည်းသဒ္ဒါကြီးဘာသာအဖြေ

၁။ (က) သောဝါ။ (ခ ) ဣတ္ထိယမတိယဝေါ ဝါ-သုတ် ( ဆိုင်ရာကိုရေးလေ။ )

၂။ တတိယပဌမာ-ကိုထောက်၍ သဒိသဒ္ဒေဘော်မရောက်ရန်သတ်မှတ်သော သုတ် ဖြစ်သောကြောင့်လည်းကောင်း။ ဌာန-သဒ္ဒါလိုက်လာသောကြောင့်လည်းကောင်း-
(က) ဃောသ အရ- စတုတ္ထအက္ခရာ၊
(ခ ) အဃောသအရ- ဒုတိယအက္ခရာ။
တတောသဒ္ဒါသည် အတြဏော-စသောပြယုဂ်တို့၌ အလုံးစုံသော ဝိဘတ်တို့ကြောင့် အတ္တ-၏ အဆုံးတ-ကို ရ-ပြုရခြင်း အကျိုးရှိသည်။

၃။ (က) တံ- သင့်ကို၊ ဝဿသတံ- အနှစ်တစ်ရာကာလပတ်လုံး။ အရောဂံ- အနာ မရှိသည်ကို၊ ပဿယျ- မြင်လိုင်။
(ခ ) ဗုဒ္ဓသ္ဓာ- မှ၊ ပတိ- ကိုယ်စားပြု၍ သာရိပုတ္တော- သည်၊ တေမာသံ- သုံး

http://www.dhammadownload.com



လပတ်လုံး၊ ဓမ္မဒေသနာယ– တရားဟောခြင်းငှာ၊ ဘိက္ခူ– ရဟန်းတို့ကို၊ အာလပတိ– ခေါ်တော်မူ၏။

(ဂ ) ပိဏ္ဍာရကွဲ့သဗ္ဗာဟု– ပြည့်ဖြိုးကုန်သော ရင်, ညှပ်ရိုး, ပခုံး, လက်မောင်းတို့ ရှိသော မြတ်စွာဘုရား။

(ဃ) သာဂရော– သာဂရမင်းသားတို့ကြောင့်ဖြစ်သော သမုဒ္ဒရာ၊

(င ) ဩပနယိကော– ကပ်ဆောင်ခြင်းဌ ယုဉ်သည်။

၄။ (က) ပစ္စက္ခမ္မော ယသ သောယန္တိ ပစ္စက္ခမ္မော၊

(ခ ) ဥသဘသ ဘာဝေါ အာသဘံ၊

(ဂ ) ခီ–ဓာတ်၊ တ–ပစ္စည်း။ (ဃ) မုဟဓာတ်၊ တ–ပစ္စည်း။

(င ) ဥရသဒ္ဒူပပဒ ဂမုဓာတ်၊ ကွိပစ္စည်း။

၅။ (က) တေတည်၊ တြထသတ္တမိယာ သမ္ဘနာမေဟိ–ဖြင့် ထ–ပစ္စည်းသက်၊ တွာဒ ယော ဝိဘတ္တိသညာယော–ဖြင့် ဝိဘတ်အမည်မှည့်၊ ဧတော ထေသု စ–ဖြင့် တေ– ကို ဧ–ပြု၊ ထ–၏ အသဒ်သဒ္ဒေဘော် တ–လာ၊ ဣတ္ထေ– ပြီး၏။

(ခ ) ဝစ–တည်၊ ဝစ– ဝိယတ္တိယ် ဝါစာယ်၊ ဓာတ်အမည်မှည့်၊ ဓာတွန်အ–ကိုချေ၊ ဿာမိ–ဝိဘတ်သက်၊ ကရဿ သပစ္စယဿ ကာဟော–ဌ သပစ္စယသဒ္ဒါပိုဖြင့် ဿာမိ–ဝိဘတ်ကို ခါမိ–ပြု၊ ကောဒေ စ–ဖြင့် ဓာတွန်စ–ကို က–ပြု၊ ဝဏ္ဏာမိ ပြီး၏။

(ဂ) သံရှေ့ရှိသော ဓာ–တည်၊ ဓာ– ဓာရဏော၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေစေ ရ၊ သညာယံ ဒါဓာတော ဏ–ဖြင့် ဏပစ္စည်းသက်၊ (သံ+ဓာ+ဏ ) ဓ–ခွင်း။ ချေ ကပ်၊ နိဂ္ဂဟီတ်ကို တ–ဝဏ္ဏ နှ–ပြု၊ နာမ်ခဲ့၊ သိ–သက်၊ ချေ၊ သန္ဓိ–ပြီး၏။

၆။ သမ္ဘယေဟိနမာ–သုတ်ဖြင့် အာ–အပြု ဧ–အပြုကို တားမြစ်ခြင်းအကျိုးငှါ ပဌာ ဒိနမကာရော–ဖြင့် အ–ကို အ–ထပ်ပြုရပါသည်။

**အပါဒါန်ဖြစ်ကြောင်း– စိတ္တသံယောဂရှေ့သွားရှိသော အပဂမနဖြစ်သောကြောင့် အပါဒါန်ဖြစ်ပါသည်။**

၇။ ပြားသော ပဝတ္တိနိမိတ်ရှိကုန်သော နှစ်ပုဒ်တို့၏ ဝိသေသန,ဝိသေသျအဖြစ်ဖြင့် တစ် ခုတည်းသောအနက်ဌ ဖြစ်ခြင်းသည် တုလျာဓိကရဏာ မည်သည်။

**ဝါသဒ္ဒါသတ်မှတ်ချက်။ ဝဝတ္ထိတဝိဘာသာ ဝါသဒ္ဒါဖြင့် –**

http://www.dhammadownload.com



၁။ ဝါသိဋ္ဌ စသည်တို့၌ အမြဲ ဝုဒ္ဓိပြုရခြင်းဟူသော နိစ္စဝိဓိ၊
၂။ သြဠမ္ဗိကော ဥဠမ္ဗိကော စသည်တို့၌ ရံခါဝုဒ္ဓိပြုရခြင်းဟူသော အနိစ္စဝိဓိ၊
၃။ နိလ, ပီတ-စသည်တို့၌ လုံးဝ ဝုဒ္ဓိမပြုရခြင်းဟူသော အသန္တဝိဓိ- ဤ ၃-မျိုးကို ပြသည်။

၈။ ( ပုဒ်စစ် ထင်ရှားပြီ။ )

## ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ(ရန်ကုန်တိုင်း)
## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
## ၁၃၆၃-ခုနှစ်၊ တပေါင်းလဆန်း(၈)ရက်၊ (၂၁-၃-၂၀၀၂) ကြာသပတေးနေ့

၁။ ဇနေတိ သဒ်ဒသ် ပါက်-အရ မဟဂ္ဂတ် (ရူပါဝစရဈာန်) ကုသိုလ်ကံ၏ တူသောအကျိုးပေးရာဘုံပြ ပါဠိတို့ကို ကုန်စင်အောင် ရေးသားခဲ့ပါ။

၂။ ပဋ္ဌိဘာဂနိမိတ်ဖြစ်ပေါ်လာပုံကို ပြဆိုသော သင်္ဂဟပါဠိစကားရပ်ကို နိဿယကျကျ အနက်ပေးပြခဲ့ပါ။

၃။ (က) စေတသိက်အများဆုံးနှင့်ယှဉ်သောစိတ်၊ (ခ) စေတသိက် အနည်းဆုံးနှင့်ယှဉ်သောစိတ်၊ (ဂ) စိတ်အများဆုံး၌ ယှဉ်သောစေတသိက်၊ (ဃ) စိတ်အနည်းဆုံး၌ ယှဉ်သော စေတသိက်တို့ကို အသီးသီးပြဆို၍ ပုထုဇနာန သေက္ခာနံ-ဟူသော ဂါထာ၌ ပုထုဇနအရ မပါဝင်နိုင်သော ပုထုဇဉ်တို့ကိုလည်း သင်္ဂဟထောက်ဆ၍ ကောက်ပြခဲ့ပါ။

၄။ သမ္ဘည္ဝတဘဏ္ဍာတော်အလား အလုံးစုံကို အာရုံပြုနိုင်သော အဟိတ်စိတ်ကို ဖော်ပြ၍၊ ယင်းစိတ်ကို ပဂိဏ်းပိုင်းလာ ဝေဒနာဒိဆက္ကတို့ဖြင့် ဝေဖန်ပြခဲ့ပါ။

၅။ သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဖောနောင်- (က) ဖြစ်သင့်သောစိတ်၊ (ခ) ထိုစိတ်၏ အာရုံ၊ (ဂ) ထိုစိတ်၏ ကိစ္စတို့ကို တိကျသေချာစွာ ပြဆို၍၊ ဒေါမနဿသဟဂုတ်ဖော-နှစ်ခုနောင် ကျန်နိုင်သော တဒါရုံတို့ကိုလည်း ရေတွက်ပြခဲ့ပါ။

http://www.dhammadownload.com



၆။ နာမ်ရုပ်နှစ်ပါးက နာမ်ရုပ်နှစ်ပါးအား ကျေးဖူးပြုနိုင်သော ပစ္စည်းများကို သင်္ဂဟာသာကေ အထောက်ပြလျက် ရေတွက်၍ ''သံယောဇဉ်ရှိလို့ ဝန်တိုသည်''ဟုဆိုက ယုတ္တိရှိ/ မရှိ အဘိဓမ္မာနည်းအရ သင်္ဂဟာညီကာ ဖြေဆိုခဲ့ပါ။

၇။ သေခါနီးအခါ စသည်တို့၌ ကာမဇောတို့ ငါးကြိမ်သာစောရပုံကို အကြောင်းနှင့်တကွ ပြဆိုရ၍ ကာမဘုံ၌ ဝိထိစိတ်အားလုံး ရရှိနိုင်ခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

၈။ ဂရုက်၊ အာသန္နက်-စသည်ဖြင့် ကံအမျိုးမျိုးရှိကြရာတွင် ဂရုက်၏ သဘောသဘာဝကို ဋီကာအမြင်ဖြင့် ရှင်းလင်းပြဆိုရ၍ ရူပါဝစရကုသိုလ်ကံ၏ မနောက်၊ ဘာဝနာမယ၊ အပွနာပတ္တိဖြစ်ရခြင်း၏ အကြောင်းတို့ကိုလည်း ပြဆိုခဲ့ပါ။

## ရန်ကုန်တိုင်း။ လတ် ။ အဘိဓမ္မတ္ထသင်္ဂဟာဘာသာအဖြေ

၁။ ( ရူပါဝစရကုသလ် ပန စသော ၁၂-ပုဒ်ကို ရေးလေ။ )

၂။ ( တထာ သမာဟိတသ ။ ပ ။ သမုပ္ပန္နန္တိ ပဝုစ္စတိ-ဆိုင်ရာကို အနက်ရေးလေ။ )

၃။ (က) မဟာကုသိုလ်ပဌမဒွေ။ (တစ်နည်း) လောကုတ္တရာ ပဌမစျာန်စိတ်၊ မှတ်ချက်။ ပထမနည်းသည် ယှဉ်နိုင်ခွင့်ရှိသမျှအားလုံးကို ရည်ရွယ်သည်။ ဒုတိယနည်းသည် တစ်ပြိုင်နက် အများဆုံးကို ရည်ရွယ်သည်။
(ခ ) ဒွေပဋ္ဌာဝိညာဏ် ၁၀၊
(ဂ ) သမ္ဘစိတ္တသာမာရဏာစေတသိက်။
(ဃ) ဝိစိကိစ္ဆာ။
မပါဝင်နိုင်သော ပုထုဇဉ်- ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ် ဒ္ဝိဟိတ် ပုထုဇဉ်။
အထောက်- ဒုဟေတုကာန မဟေတုကာနဉ္စ ပနေတ္ထ ကိရိယဇဝနာနိစေဝ အပွနာဇဝနာနိ စ နိ လဗ္ဘန္တိ။

၄။ မနောဒ္ဒါရာဝဇ္ဇနိစိတ်။
ဝေဒနာဒီဆဏ္ဏ- ဥပေက္ခာဝေဒနာ၊ အဟိတ်၊ အာဝဇ္ဇနိ်းကိစ္စ၊ ဝုဋ္ဌောကိစ္စအားဖြင့် ၂-ကိစ္စ၊ ၆-ဒ္ဒါရ၊ အလုံးစုံအာရုံ၊ ဟဒယဝတ္ထုကို ရံခါမှီ ရံခါမမှီ။

http://www.dhammadownload.com



၅။ (က) ဥပေက္ခာသန္တိရဏစိတ် (ခ ) ရှေ့ဦးလေ့ကျက်အပ်ခဲ့ဖူးသော ကာမအာရုံ
(ဂ ) ဘဝင်ကိစ္စ
တဒါရုံ– ဒေါသဇော၂–ခုနောင်– ဥပေက္ခာသန္တိရဏ ၂–ခု၊ မဟာဝိပါက် ဥပေက္ခာ ၄–ခုအားဖြင့် ဥပေက္ခာတဒါရုံ ၆–ခု ကျသည်။

၆။ ပစ္စည်းများ– အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြေယ၊ ဝိပွယုတ္တ၊ အတ္ထိ၊ အဝိဂတအားဖြင့် ၉–ပစ္စည်း။
အထောက်– ( အဓိပတိသဟဇာတ ။ ပ ။ ပစ္စယာ ဘဝန္တိ–ကို ထောက်လေ။ )
ဝန်တိုမှု– အဘိဓမ္မာနည်း သံယောဇဉ်တွင် ဣဿာသံယောဇဉ် ပါဝင်သောကြောင့် သံယောဇဉ်ရှိလို့ ဝန်တိုသည်–ဟုဆိုက ယုတ္တိရှိပါသည်။

၇။ မိုရာဝတ္ထုရုပ် အားနည်းသည်ဖြစ်၍ နှံ့သည်ဖြစ်၍ဖြစ်သောကြောင့် သေခါနီးအခါ စသည်တို့၌ ကာမဇောတို့ ၅–ကြိမ်သာ စောရသည်။
ဝိထိစိတ်အားလုံးရကြောင်း– ဒွါရ ၆–ပါးလုံး ပုဂ္ဂိုလ်အားလုံး ကာမဘုံ၌ ဖြစ်သင့်သောကြောင့် ကာမဘုံ၌ ဝိထိစိတ် အားလုံးရသည်။

၈။ ဂရုကံ– အခြားကံသည် တားဖြစ်ခြင်းငှါ မစွမ်းနိုင်လောက်အောင် အပြစ်ကြီးသောကံ အာနုဘော်ကြီးသောကံသည် ဂရုကံ–မည်သည်။
အရ– အကုသိုလ်အရာ၌ ပဌာနန္တရိယကံ၊ ကုသိုလ်အရာ၌ မဟဂ္ဂတ်ကံများ ဖြစ်သည်။
ဖြစ်ရကြောင်း– ဝိညတ်ကိုမဖြစ်စေတတ်သည်ဖြစ်၍ ကာယဒွါရစသည်တို့၌ မဖြစ်သောကြောင့် မနောကံသာ ဖြစ်ရသည်။
ဒါန စသည်တို့၏အစွမ်းအားဖြင့် မဖြစ်သောကြောင့် ဘာဝနာမယဖြစ်သည်။
ရှေ့အဖို့၌ ဖြစ်ကုန်သောတရားတို့၏ ကာမာဝစရဖြစ်သောကြောင့် အပွနာပတ္တိဖြစ်သည်။

ပထမပြန်စာမေးပွဲကျင်းပရေးမဟိုအဖွဲ့ခွဲ(ရန်ကုန်တိုင်း)
ပထမလတ်တန်း။ ။ မာတိကာနှင့် ဓာတုကထာဘာသာ
ဘဝ၆–ခုနှစ်၊ တပေါင်းလဆန်း(၉)ရက်၊ (၂၂–၃–၂၀၀၂) သောကြာနေ့

၁။ နာမရူပဒုက် ဒုတိယပုဒ်ကို အနက်ပြည့်စုံအောင်ပေးပြ၍ လောကဘုံဝယ် လူအလယ်

http://www.dhammadownload.com



၌ (က) ဆုံးမလွယ်သူ၊ (ခ) ဆုံးမခက်သူတို့၏သန္တာန်၌ ဖြစ်တည်နိုင်သော တရား များကို ညွှန်ပြခဲ့ပါ။

၂။ ရုပ်နာမ်နှစ်ထွေ တွဲ၍နေသည့်ကျွန်ုပ်၌ (က) ရေတွက်သင့်သော ခန်, အာ, ဓာတ်၊ (ခ) မရေတွက်သင့်သော ခန်, အာ, ဓာတ်တို့ကို ဖော်ပြ၍ ပညာနှင့်စပ်ဆိုင်သော လောကုတ္တရာကျွန်ုပ်တို့၏ အရကို ကျွန်ုပ် ၂၂-ပါး၌ လာသည့်အတိုင်း ညွှန်ပြခဲ့ပါ။

၃။ ကာမဘဝ-အရတွင် ပါဝင်ခွင့်မရသော အာယတနနှင့် ဓာတ်ကို ညွှန်ပြ၍ ပဋ္ဌိစ္စ သမုပ္ပါဒ်အဂါ ဇရာမရဏ၌ အကျုံးဝင်သောတရားတို့တွင် (က) ရုပ်တရား။ (ခ) ဒေါသတရားကို အရကောက်ရသည့်ပုဒ်များကို ဆိုရိုးကျရေးပြပါ။

၄။ ရူပဘဝေါ (က) ကတိဟိ ခန္ဓေဟိ ကတိဟိ အာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတောဟု (ခ) ကတိဟိ အသင်္ဂဟိတော-ပုဗ္ဗာတို့၏ အဖြေပြပါဠိများကို သရုပ် ပေါ်အောင် အနက်ဖော်ခဲ့ပါ။

၅။ ဖော်ပြပါ ယေဓမ္မာအရတို့ကို ပဋ္ဌမနယ, နဝမနယတို့နှင့် လျော်ညီစွာ ဖော်ပြခဲ့ပါ။ မဂ္ဂသစ္စေန ယေ ဓမ္မာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ။

၆။ ရူပက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟိ အာယတနေဟိ ကတိဟိ ဓာတူဟိ သမ္ပယုတ္တောတိ နတ္ထိ-ဟု ဟောတော်မူရခြင်းအကြောင်းကို ဖြေဆို၍ ဆဋ္ဌနယ၌ ဟောတော် မူအပ်သော ပဒအရေအတွက်ကို အဋ္ဌကထာနည်း, ဋီကာနည်းအားဖြင့် ညွှန်ပြပြီး ဋီကာနည်း၌သာပါဝင်လျက် အဋ္ဌကထာနည်း၌ မပါဝင်သောပုဒ်များကို လည်း ညွှန်ပြပါ။

၇။ အောက်ဖော်ပြပါတို့နှင့် ဝိပွယုတ်ဖြစ်သောတရားတို့ကို ညွှန်ပြ၍ (က) တရားသည် မည်သည့် ဝိပွယုတ်ဖြစ်သည်ကို ညွှန်ပြခဲ့ပါ။
(က) ဒုက္ခသစ္စာ၊ (ခ ) သမုဒယသစ္စာ၊ (ဂ) ကာမဘဝ။

၈။ ဒသမနယ၏ ဥဒါနိန်းစဉ်ဂါထာကို ပါဠိမှန်ကန်စွာ ရေးပြ၍ ကောဒသမနယလာ- (က) သောမနဿိန္ဒြေ၊ (ခ) ဒေါမနဿိန္ဒြေတို့နှင့် ကေဟိစိသမ္ပယုတ်ဖြစ်သော တရားများကိုလည်း ညွှန်ပြခဲ့ပါ။

http://www.dhammadownload.com



## ရန်ကုန်တိုင်း။ လတ်။ မာဝိကာနှင့် ဓာတုကထာဘာသာအဖြေ

၁။ အနက်ပေး ( ထင်ရှားပြီ။ )
(က) ဘုရားဟောတော်မူအပ်သောသိက္ခာပုဒ်ဖြင့်ဆိုဆုံးမအပ်သည်ရှိသော် ရှိသေစွာ နားထောင်သောအခါ မဟာကု ၈၊ မဟာကြီ ၈၊ ဝိရတိ အပွမညာကြဉ် စေ ၃၃။
(ခ ) ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မရှိမသေ ပြုသောအခါ ဒေါသမူဒွေ၊ စေ ၂၂။

၂။ (က) ရူပက္ခန္ဓာ၊ သခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်။
(ခ ) ကြွင်းသော ခန္ဓာ ၃-ပါး အာယတန ၁၁၊ ဓာတ် ၁၇တို့ဖြင့် မုရေတွက်အပ်။
## အရကောက် ( ထင်ရှားပြီ။ )

၃။ ပါဝင်ခွင့်မရသော အာယတနနှင့်ဓာတ်- သဒ္ဒါယတန၊ သဒ္ဒဓာတ်။
(က) ( ပရိဒေဝဆိုရိုး ရေးလေ။ ) (ခ) ( ဥပါယာသဆိုရိုး ရေးလေ။ )

၄။ (က) ပဋ္ဌာ- ငါးပါးကုန်သော၊ ခန္ဓေဟာ- ခန္ဓာတို့ဖြင့်၊ ပဋ္ဌာ- ကုန်သော၊ အာယတနေဟာ- စက္ခာယတန သောတာယတန ရူပါယတန မနာယတန ဓမ္မာယတန တို့ဖြင့်၊ အဋ္ဌာ- ရှစ်ပါးကုန်သော၊ ဓာတူဟာ- စက္ခုဓာတ် သောတဓာတ် ရူပဓာတ် စက္ခုဝိညာဏဓာတ် သောတဝိညာဏဓာတ် မနောဓာတ် မနောဝိညာဏဓာတ် ဓမ္မဓာတ်တို့ဖြင့်၊ သင်္ဂဟေတော- ရေတွက်အပ်၏။
(ခ ) ကေဟိစိ- တစ်စုံတစ်ခုကုန်သော၊ ခန္ဓေဟာ- တို့ဖြင့်၊ သဗ္ဗာဟာ- ခုနစ်ပါးကုန်သော၊ အာယတနေဟာ- ဃာနာယတန, ဇိဝှါယတန, ကာယာယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတနတို့ဖြင့်၊ ဒသဟာ- ဆယ်ပါးကုန်သော၊ ဓာတူဟာ- ဃာန, ဇိဝှါ, ကာယ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဃာနဝိညာဏ, ဇိဝှါဝိညာဏ, ကာယဝိညာဏ ဓာတ်တို့ဖြင့်၊ အသင်္ဂဟိတော- မရေတွက်အပ်။

၅။ ပဋ္ဌမနယ ပဌမ ယေဓမ္မာအရ- ဩဠာရိက ၁၂၊ စိတ် ၈၉။
ဒုတိယ ယေဓမ္မာအရ- ဝေ သဉ် သင် နိ။
နဝမနယ-ပ-ယေဓမ္မာအရ- မဂ်စိတ် ၄၊ မဂ္ဂင်တရားကိုယ်ကြဉ် စေတသိက် ၂၈၊
ဒု- ယေဓမ္မာအရ- မဂ္ဂသစ္စာ။

http://www.dhammadownload.com



၆။ နတ္ထိ–ဟုဟောတော်မူရကြောင်း– ဟောပုဒ်သည် ရှုပ်ဖြစ်၍ ယှဉ်ဖော်ယှဉ်ဘက် သမ္မယုတ် မရှိသောကြောင့် နတ္ထိ–ဟုဟောတော်မူပါသည်။
အဋ္ဌကထာနည်း– ၂၄၈–ပုဒ်။ ဋီကာနည်း– ၂၅၀–ပုဒ်။
ဋီကာနည်း၌သာပါဝင်သောပုဒ်များ– အဝိတက္ကာ ဝမ္မာ၊ အဝိစာရာ ဝမ္မာ။

၇။ (က) လောကုတ္တရာစိတ် ၈၊ စေ ၃၆၊ ၎င်းတရားသည် လောကီနှင့်လောကုတ္တရာ စိတ် စေတသိက်အချင်းချင်း ဇာတိဝိပွယုတ်။
(ခ ) ဒေါသမူ မောဟမူ ကုသိုလ် ဝိပါက် ကြိယာ စိတ္တုပ္ပါဒ် ရှုပ် နိဗ္ဗာန်။
(ဂ ) ရူပဘဝ အရူပဘဝဟုဆိုအပ်သော စိတ်, စေ, ကုသိုလ်, အကုသိုလ်, ဖိုလ်, ကြိယာစိတ္တုပ္ပါဒ်။

၈။ ဒသမနယ ဥဒါန်းစဉ်ဂါထာပါဠိ– ( ထင်ရှားပြီ။ )
(က) ဝေဒနာ ပိတိကြဉ် စေ ၅၀။ (ခ ) ဝေဒနာ ဒေါစတုက်ကြဉ် စေ ၄၇–ခု။

ပထမပြန်စာမေးပွဲကျင်းပရေး ဗဟိုအဖွဲ့ခွဲ(ရန်ကုန်တိုင်း)
ပထမလတ်တန်း။ ။ အောက်ယမိုက်(၅)ကျမ်းဘာသာ
၁၃၆၃–ခုနှစ်၊ တပေါင်းလဆန်း(၁၀)ရက်၊ (၂၃–၃–၂၀၀၂) စနေနေ့

၁။ မူလယမိုက် ကုသလဖ မူလကနယဥဒ္ဒေသလာ အောက်ပါယမကတို့၏ ပဏ္ဍာပါဠိများ ကို အနက်မှန်မှန်ပေးပါ။ (က) မူလယမက၊ (ခ) ဇောမူလယမက။

၂။ အောက်ပါတရားများကို တိကျစွာ ကောက်ပြပါ။
(က) အကုသိုလ်လည်းမည် အကုသိုလ်နှင့်လည်း တူသောမူလရှိသော တရား။
(ခ ) အဗျာကတသာ မည်သောတရား။ (ဂ) နာမ်သာ မည်သောတရား။

၃။ (က) ခန္ဓာ ၅–ပါးလုံးဖြစ်ဖူးလည်းရ ချုပ်ဖူးလည်းရသော ပုဂ္ဂိုလ်, ဘုံတို့ကိုကောက်ပြ၍ (ခ) ဝေဒနာကွန္ဓာ ဖြစ်ဖူးရသော်လည်း သညာကွန္ဓာ ဖြစ်လတ္တံ့မရသော ပုဂ္ဂိုလ် များကိုလည်း ဝိဘင်းမျှ ထုတ်ပြပါ။

၄။ (က) နောင်အခါ ခန္ဓာ ၅–ပါးလုံးဖြစ်ဦးမည့်ပုဂ္ဂိုလ်များကို ကောက်ပြ၍ (ခ) ဖြစ်

http://www.dhammadownload.com



လတ္တံ့နှင့် ချုပ်လတ္တံ့ အထူးကိုလည်း အရကောက်ဆရာကြီး၏ လမ်းညွှန်ချက်နှင့် အညီ သက်ဆိုင်ရာဝိဘင်းကို ကိုးကား၍ ရှင်းပြပါ။

၅။ စားအပ်သောအရသာ မဟုတ်သော်လည်း ရသ–ဟုအမည်ရသော တရားတို့ကို အာယတန ပဏ္ဏတ္တိရှု၍ ဖော်ပြပြီး ယတ္ထ ရှုပါယတန်နှုပ္ပဒ္ဓိတ္ထ၊ တတ္ထ မနာယတန်နှုပ္ပဒ္ဓိတ္ထာတိ–ကိုလည်း ဝိဘင်းထုတ်၍ ကောက်ပြပါ။

၆။ စက္ခာယတန ချုပ်လတ္တံ့သောပုဂ္ဂိုလ်အား ဃာနာယတန ချုပ်လတ္တံ့လော–ဟူသော ပဉ္ဆာကို ဝိဘင်းမျှထုတ်ပြ၍ ပစ္စုပ္ပန္နအတီတပုဂ္ဂလ, ပစ္စုပ္ပန္နာနာဂတပုဂ္ဂလ ယင်းနှစ်ဝါရတို့၏ အနုလုံပဋိလောမတိုင်း၌ သဗ္ဗေသံ စဝန္တာနံ စသည်ချည်း ဝိဘင်းတို့ ထုတ်ကြရာ သဗ္ဗသဒ္ဒါချင်း တူ/မတူ သိသာရုံမျှ ဖြေပြပါ။

၇။ (က) မဂ္ဂသာမည်၍ မဂ္ဂသစ္စာမမည်သောတရားကို ကောက်ပြ၍ (ခ) ဒုက္ခသစ္စာ ဖြစ်လတ္တံ့သောပုဂ္ဂိုလ်အား မဂ္ဂသစ္စာ ဖြစ်လတ္တံ့လော–ဟူသော ပဉ္ဆာ၏ အဖြေဝိဘင်းမျှကိုသာ ထုတ်ပြပါ။

၈။ အောက်ပါဝါရတို့၌ ဟောသောသစ္စာ၊ မဟောသော သစ္စာတို့ကို ဖြစ်ထိုက်သည့် အားလျော်စွာ အကြောင်းပြဖြေဆိုပါ။
(က) ပဝတ္တိဝါရ၊ (ခ ) ပရိညာ ဝါရ။

## ရန်ကုန်တိုင်း။ လတ် ။ အောက်ယမိုက်(၅)ကျမ်းဘာသာအဖြေ

၁။ (က) (ခ ) အနက်ပေး ( အရကောက်နှာ– ၉/၁၃–တွင်ရှု။ )

၂။ (က) အကုသိုလ်စိတ် ၁၂၊ မောဟမူဒ္ဒေ၌ မောဟကြောင့်သော စေ–၂၇–ပါ။
(ခ ) ဝိပါက် ၃၆၊ ကြိယာ ၂၀၊ အဗျာကတမူ ၃–ခုကြောင့်သော စေ ၃၅၊ ရုပ်– ၂၈၊ နိဗ္ဗာန်။ ( မူလယမက အညမညမူလယမက အတွက် )
တစ်နည်း– အဟိတ်စိတ် ၁၈၊ ဆန္ဒကြောင့်သော အညသမာန်းစေ ၁၂၊ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ဒွေပဋ္ဌိညာဉ် ၁၀–ကြောင့်သော ကုသိုလ် အကုသိုလ် အဟိတ်ဝိပါက် အဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေ ၂–ခုနှင့် ယထာရဟအတူ ဥပါဒိသော အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဟာဟိရရုပ်

http://www.dhammadownload.com



အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် နိဗ္ဗာန်။
(ကေမူလယမက အတွက်)

(၈ ) စိတ် ၈၉၊ နာမမူ ၉-ခုကြဉ် စေတသိက် ၄၆၊ နိဗ္ဗာန်၊
(မူလယမက, အညဗညမူလယမက အတွက် )၊

တစ်နည်း- အဟိတ်စိတ် ၁၈-ခု၊ ဆန္ဒကြဉ်သော အညသမာန်းစေ- ၁၂၊ မောဟမူ ဒွေ၌ မောဟ၊ နိဗ္ဗာန်။ ( ကေမူလယမက အတွက်။ )

၃။ (က) ပဋ္ဌဝေါကာရ ဥပပဇ္ဇန္တ , စဝန္တဖြစ်သော ပုထုဇဉ် ၄-ယောက်၊ ဖလဋ္ဌာန် ၄-ယောက်တို့အား သုဒ္ဓါဝါသကြဉ်သော ပဋ္ဌဝေါကာရ ၂၁-ဘုံ။ ( နှာ- ၇၃ )

(ခ ) ပစ္ဆိမဘဝိကာနံ တေသံ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ၊ နော စ တေသံ သညာက္ခန္ဓော ဥပ္ပဇ္ဇိသတိ။ ( နှာ- ၈၇ )

၄။ (က) ပဋ္ဌဝေါကာရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော ပဋ္ဌဝေါကာရ ဥပပဇ္ဇန္တ ဝစ္ဆဖြစ်သော ပုထုဇဉ် ၄-ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်၊ အသညသတ် အရူပ ဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထုဇဉ် ၄-ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃- ယောက်၊ အသညသတ် အရူပ ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်။
( နှာ- ၇၄/၅ )

(ခ ) ဖြစ်လတ္တံ့နှင့် ချုပ်လတ္တံ့အထူး-

ချုပ်လတ္တံ့မှာ ပစ္ဆိမဘဝိက ဥပပဇ္ဇန္တ ရသည်၊ ဖြစ်လတ္တံ့မှာ မရ၊ ဤသို့ထူးသည်။ ဝိဘင်းအကိုး- ယေ အရူပ် ဥပပဇ္ဇိတ္ထာ ပရိနိဗ္ဗာယိသန္တိ တေသံ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိသတိ၊ နော စ တေသံ ရူပက္ခန္ဓော ဥပ္ပဇ္ဇိသတိ။

ပစ္ဆိမဘဝိကာနံ အရူပ် ဥပပဇ္ဇန္တာနံ ယေ စ အရူပ် ဥပပဇ္ဇိတ္ထာ ပရိနိဗ္ဗာယိသန္တိ တေသံ ဝစ္ဆာနံ တေသံ ဝေဒနာက္ခန္ဓော နိရုဇ္ဈိ သတိ၊ နော စ တေသံ ရူပက္ခန္ဓော နိရုဇ္ဈိ သတိ။ ( နှာ- ၉၀ )

၅။ စားအပ်သောအရသာ မဟုတ်သော်လည်း ရသ-ဟု အမည်ရသောတရားများ- ( အတ္ထရသ မွေရသ ဝိမုတ္တိရသတို့ကို တရားကိုယ်နှင့်တကွ တစ်နည်းကားပါမကျန် ပဏ္ဏတ္တိလာအတိုင်း ရေးလေ။) ( နှာ- ၁၁၃။ )

ဝိဘင်း- ဥပ္ပဇ္ဇိတ္ထ။

သန္ဓိဋ္ဌာန်ပုဒ်အရ- အရူပလေးဘုံ ရတ်၊ သံသယအရ- မရှိ။

http://www.dhammadownload.com



၆။ ဝိဘင်း– ပစ္ဆိမဘဝိကာနံ ရူပါဝစရံ ဥပပဇ္ဇန္တာနံ, ယေ စ ရူပါဝစရံ ဥပပဇ္ဇိတ္တာ ပရိ
နိဗ္ဗာယိသန္တိ တေသံ စဝန္တာနံ တေသံ၊ ( တစ်ဖက်ရ)၊
ဣတရေသံ တေသံ။ (နှစ်ဘက်ရ)၊ ( နှာ– ၁၆၇ )
သမ္ဘသဒ္ဒါချင်း မတူ– ပစ္ဆိပ္ပန္နာတိတပုဂ္ဂလပါ သမ္ဘသည် နိပ္ပဒေသသမ္ဘ (အနုဝသေသ
သမ္ဘ) ဖလဌာန်ပုဂ္ဂိုလ် ၄–ယောက်လုံးကောက် ရသည်။
ပစ္ဆိပ္ပန္နာနာဂတပုဂ္ဂလ –ပါ သမ္ဘသည် သပ္ပဒေသသမ္ဘ (သာဝသေသသမ္ဘ)၊
အရဟတ္တဖလဌာန်ကြဉ်သော အောက်ဖလဌာန်ပုဂ္ဂိုလ် ၃–ယောက်ရသည်။(၁၅၅)

၇။ (က) မဂ္ဂသာမည်။ (အရကောက်အတိုင်းရေးလေ။ ၂၁ဝ။)
(ခ ) အဂ္ဂမဂ္ဂသမ္ဗေါဓိနံ အရဟန္တာနံ ယေစ ပုထုဇ္ဇနာ မဂ္ဂံ နိ ပဋိလဘိသန္တိ တေသံ။
(တစ်ဘက်ရ)။ ယသ စိတ္တသ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိသန္တိ ယေစညေ မဂ္ဂံ
ပဋိလဘိသန္တိ တေသံ။ ( နှစ်ဘက်ရ )။ ( ၂၂ရ )

၈။ (က) ပဝတ္တိဝါရ၌ ဒုက္ခသစ္စာ, သမုဒယသစ္စာ , မဂ္ဂသစ္စာတို့ကို ဟောသည်၊
ဥပါဒ်, ဋ္ဌ, ဘင် ဟုဆိုအပ်သော ခဏတ္တယ မရှိရကား ဥပ္ပဇ္ဇတိ– ဟူ၍လည်းကောင်း
နိရုဇ္ဈတိ –ဟူ၍လည်းကောင်း ဟောခြင်းငှါ မသင့်သောကြောင့် နိရောဓသစ္စာကို
မဟောပါ။ ( နှာ–၂၁၈။ )
(ခ) ဒုက္ခသစ္စာ, သမုဒယသစ္စာတို့ကို လောကီတရားတို့၌ ပရိညာကိစ္စရှိသောကြောင့်
ဟောသည်။ နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ကို လောကုတ္တရာတရားတို့၌ ပရိညာကိစ္စ
မရှိသောကြောင့် မဟောပါ။ ( နှာ– ၃ဝ၁ )

## ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ(ရန်ကုန်တိုင်း)
## ပထမလတ်တန်း။ ။ ဘာသာပြန်ဘာသာ
## ၁၃၆၃–ခုနှစ်၊ တပေါင်းလဆန်း(၁၂)ရက်၊ (၂၅–၃–၂ဝဝ၂) တနလာနေ့

၁။ အောက်ပါပါဠိများကို မြန်မာဘာသာပြန်ဆိုပါ။
အထသ တေဒဟောသိ အယံ ပဠော အတိသုခုမော ဌပေတ္တာ သမ္ဘညုဗုဒ္ဓံ အညော
ဥပရိဘဝဂ္ဂေန ဟေဋ္ဌာ စ အဂ္ဂိစိနာ အပရိစ္ဆေဒ္ဒေ လောကသန္ဓိဝါသေ ကေ ပဠံ
ကထေတုံ သမတ္ထော နာမ နတ္ထိတိ။

၂။ လိတ္တံ ပရမေန တေဇသာ၊ ဂိလမဂ္ဂံ ပုရိသော နုဗုဇ္ဈတိ။

http://www.dhammadownload.com



ဂိလ ရေ ဂိလ ပါပခုတ္တက၊ ပစ္ဆာ တေ ကဋ္ဌကံ ဘဝိဿတိ။

၃။ တဒါ ရာဇာ ကေသို ကေတ္ထမ္ဘကေ ပါသာဒေ ဝသတိ၊ တဿ သော ထဏ္ဍော စလိ၊ အထဿ စလိတဘာဝံ ရညော အာရောစေသုံ၊ ရာဇာ ဝမုကီ ပဏ္ဍောသာပေတွာ တာတ ယမ ကေတ္ထမ္ဘကဿ မဂ်လပါသာဒဿ ထဏ္ဍော စလိတော၊ တေ သာရတ္ထမ္ဘ် အာဟရိတွာ တံ နိစ္စလံ ကရောထာတိ အာဟ။

၄။ အောက်ပါပြန်မာဝါကျများကို ပါဠိဘာသာပြန်ဆိုပါ။
ထိုအခါ၌ ထိုပုဏ္ဏားကို လူတို့သည် ထိုမှဤမှလည်း လာလတ်ကုန်၍ သင်သည် ယခုအခါ၌ ကြာမြင့်စွာ သီလရှိသူကဲ့သို့လှည့်လည်ခဲ့ပြီ၊ ဤသို့(ဆိုကုန်၍) နှစ်ချက်သုံးချက်ကုန်သော ပုတ်ခတ်ခြင်းတို့ကို ပေးကြကုန်၍ နှောင်ဖွဲ့ကုန်၍ ကောသလမင်းကြီးအား ပြကြကုန်၏။

၅။ အိုယောက်ျား မကြဲစည်ပါလင့် သင်သည် ကျေးဇူးကိုသိတတ်သော ကျေးဇူးဆပ်တတ်သော ငါ့အား ပူဇော်ခြင်းကို ပြုအပ်ပြီ၊ ဤကြက်ဆူပင်ကို ရံ၍မြှုပ်ထားသော ရွှေအိုးတို့သည် လည်ပင်းဖြင့် လည်ပင်းကိုထိ၍ တည်ကုန်ပြီ၊ သင်သည် မင်းအား လျှောက်ကြား၍ လှည်းတို့ဖြင့် ဥစ္စာကိုဆောင်စေ၍ မင်းရင်ပြင်၌ အစုအပုံကို ပြုစေလော့၊ မင်းကြီးသည် သင့်အားနှစ်သက်၍ သူဌေးအရာကို ပေးလတ္တံ့။

၆။ ဖော်ပြပါ (က–ခ) ကြိယာများကို အသုံးပြု၍ ပေးထားသော ပါဠိဝေါဟာရများဖြင့် ပါဠိဝါကျများ တည်ဆောက်ပြပါ။
(က) အဟောသိ ( တ၊ ကိရ၊ ကေ၊ ပစ္ဆန္ဒဝါသိက၊ သေဋ္ဌိ၊ အဒိဋ္ဌသဟာယ၊)
(ခ ) နိက္ခမိသု ( အထ၊ ကေဒိဝသ၊ နိဒါဃသမယ၊ အကာလမေဃ၊ ဝုဋ္ဌ၊ ဝမ္ဘိက၊ မက္ခိက၊)

၇။ မိန်းမတို့ကျွန်ခြေ ရွှေပေးလို့မရ ဟူသောစကားအရ ပရောသတဝဏ်လာ ပဏ္ဍိကဇာတ် အတိတ်ဝတ္ထုကို ဇာတ်လမ်းဇာတ်ကွက် မယျက်စေမူ၍ အကျဉ်းချုပ်ရေးသားပါ။

၈။ အောက်ဖော်ပြပါ ဇာတ်တို့ကို ဖတ်ရှုလေ့လာရသဖြင့် ရရှိနိုင်သော သင်ခန်းစာများကို ထုတ်နုတ်တင်ပြပါ။
(က) အပါယိမှဝဏ်၊ အကတညူဇာတ်၊ (ခ) ဟံစိဝဏ်၊ အနုသာသိကဇာတ်။

http://www.dhammadownload.com



## ရန်ကုန်တိုင်း။ လတ်။ ဘာသာပြန်ဘာသာ အဖြေ

၁။ ထိုအခါ၌ ထိုသူဌေးအား ဤပြဿနာသည် အလွန်သိမ်မွေ့၏၊ သမ္ဘည္ဘုဘုရားရှင်ကို ထား၍ အထက်ဘဝဂ်ဖြင့်လည်းကောင်း အောက်အဝီစိဖြင့်လည်းကောင်း ပိုင်းခြား အပ်သော သတ္တဝါအပေါင်း၌ ဘုရားရှင်မှတပါးသော ထိုပြဿနာကိုဖြေဆိုခြင်းငါ စွမ်းနိုင်သူမည်သည်မရှိ–ဟူသော အကြံသည် ဖြစ်ပြီ။

၂။ ကောက်ကျစ်ယုတ်မာသောကြွေအံ်ကြူး– ထက်စွာသောတန်ခိုးနှင့်ပြည့်စုံ၍ လတ် တလောသေစေနိုင်သောအဆိပ်ဖြင့် လိမ်းကျံထားသော ကြွေအံ်ကိုမျိုသူ ယောက်ျား သည် ဤသို့ပြု လိမ့်မည်–ဟုမသိ၊ ဟယ် ယုတ်မာသောကြွေအံ်ကြူး– မျိုလေဦး နောင်မှ ထက်စွာသော အဆိပ်ဖြစ်လိမ့်မည်။

၃။ ထိုအခါ၌ ဗြဟ္မဒတ်မင်းသည် တစ်ချောင်းသောတိုင်ရှိသော တစ်ဆောင်သော ပြဿာဒ် ၌ နေ၏။ ထိုပြဿာဒ်၏ ထိုတစ်ချောင်းသောတိုင်သည် လှုပ်ပြီ၊ ထိုအခါ၌ ထိုပြဿာဒ် ၏လှုပ်သည်၏အဖြစ်ကို ဗြဟ္မဒတ်မင်းအား သံတော်ဦးတင်ကြကုန်ပြီ၊ ဗြဟ္မဒတ်မင်း သည် လက်သမားတို့ကိုခေါ်စေ၍ "အမောင်တို့ ငါ၏ တစ်ချောင်းသောတိုင်ရှိသော မင်္ဂလာပြဿာဒ်၏တိုင်သည် လှုပ်ပြီ၊ တစ်ချောင်းသောအနှစ်ရှိသောတိုင်ကို ဆောင် ၍ ထိုတိုင်ကို မတုန်မလှုပ်ခိုင်မြဲသည်ကို ပြုကြကုန်လော့" ဟု ပြောဆိုပြီ။

၄။ အထ နံ မနုဿာ ဣတော စိတော စ အာဂန္တာ " စိရံ ဒါနိ တွံ သိလဝါဝိယ ဝိစရီ"တိ ဒွေ တယော ပဟာရေ ဒတ္တာ ဗဒ္ဓိတ္တာ ရညော ဒဿေသုံ။ ၌–၁၁ ။

၅။ ဘော ပုရိသ မာစိန္တယိ တယာ ကတညုဿ ကတဝေဒိနော ပုဇာ ကတာ၊ ဣမံ ရေဏ္ဍံ ပရိက္ခိပိတ္တာ နိဓိကုမ္ဘိယော ဂိဝါယဂိဝံ အာဟစ္စ ဌိတာ၊ တွံ ရညော အာစိ က္ခိတ္တာ သကဒ္ဒေဟိ ဓနံ အာဟာရာပေတ္တာ ရာဇဂ်ဏော ရာသီ ကာရေဟိ၊ ရာဇာ တေ တုဿိတ္တာ သေဋ္ဌိဋ္ဌာနံ ဒဿတိ။

၆။ (က) သော ကိရ ကော ပစ္စန္တဝါသိကော အဒ်ဌသဟာယော သေဋ္ဌိ အဟောသိ၊
(ခ ) အထ ကေဒိဝသံ နိဒါဃသမယေ အကာလမေဃော ဝုဋ္ဌေ ဝမ္ဘိကာ မက္ခိကာ နိက္ခမိသု။

http://www.dhammadownload.com



၇။ **အတိတ်ဝတ္ထု–** ရှေးအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းမူစဉ် ဘုရား အလောင်းတော်သည် တောဋ္ဌ ရက္ခစိုးနတ်ဖြစ်ခဲ့ရ၏။ ဗာရာဏသီပြည်တွင် ဟင်းရွက်ရောင်းပြီး အသက်မွေးသူ သီတင်းသည်မှာ အလွန်လှပသော သမီးတစ်ယောက် ရှိ၏။ သူမသည် အကျင့်နှင့် ပြည့်စုံသည်၊ အရှက်အကြောက်လည်း ရှိသည်၊ အမြဲရှင်ပြသောမျက်နှာလည်းရှိ၏။

ထိုသမီးကို အမျိုးတူသူတို့ လာရောက်တောင်းကြလျှင် " ငါ့သမီးသည် ထိမ်းမြားရန် သင့်တော်နေပြီ၊ သမီးမျက်နှာကလည်း အမြဲတစဉ် ရှင်ပြနေ၏။ သူငယ်မ တို့၏ ကိုယ်ကျင့်တရား မရှိလျှင် လင်နောက်လိုက်သွားသောအခါ မိဘများ ကဲ့ရဲ့ ခံရမည်၊ ဒီသမီးမှာ သူငယ်မတို့၏ ကိုယ်ကျင့်တရား ရှိ/မရှိ စုံစမ်းမည်''ဟုကြံကာ သမီးအား တောင်းကိုယူစေလျက် တောထဲသို့သွားကြရာ ထိုသီတင်းသည်သည် စုံစမ်းလိုသဖြင့် သမီးအား ကိလေသာရာဂကို မှီယောင်ဆောင်ပြီး ချစ်သူတို့ပြောကြား ရည်းစားစကားလို တီးတိုးပြောကာ လက်ကိုဆွဲကိုင်လိုက်ရာ သမီးသည် လက်ကို ဆွဲကိုင် လျှင်ကိုင်ချင်း " အဖေ -- ဒီလိုလုပ်ချင်းဟာ မသင့်တော်ပါဘူး။ ရေမှ မီး ထတောက်သလိုဖြစ်နေပါတယ် အဖေ၊ ဒီလို မသင့်တော်တဲ့ အမှုကို မပြုပါနဲ့''ဟု ပြောရင်း ငိုကြွေးမြည်တမ်းလေပြီ။

ဖခင်သည် ပြေရာပြေကြောင်း စကားကိုသမီးနားလည်အောင်ရှင်းပြ၍ သမီး လဲ ဖခင်အား မိမိ၏ ကိုယ်ကျင့်တရားရှိပုံကို ပြောဆိုလေသည်၊ သမီးအား ထိမ်းမြား မင်္ဂလာပြုပြီး နောက်တစ်နေ့ဝယ် နံ့သာပန်းမာလ လက်ကိုင်ဆွဲလျက် ဘုရားရှင် သီတင်းသုံးရာ ဇေတဝန်ကျောင်းသို့ သွားရောက်ပူဇော်ကြ၍ သီတင်းသည်သည် မိမိသမီး၏ ကိုယ်ကျင့်တရားရှိပုံကို ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က ဒကာ့သမီးသည် ခုချိန်မှာသာမဟုတ်သေး ရှေးတုံးကလည်း ကိုယ်ကျင့်တရား နှင့်ပြည့်စုံ၏။ ဒကာသည်လည်း ခုချိန်မှာသာ မဟုတ်၊ ရှေးကလည်း ဤသို့စုံစမ်းဖူး လေပြီ–ဟုမိန့်တော်မူ၍ တရားဟောတော်မူသည်ရှိသော် သီတင်းသည်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

၈။ **(က) သခ်ိန်းစာ–** လောကဌ် မည်သည့်ပုဂ္ဂိုလ်မဆို တစ်လုပ်စားဖူး သူကျေးဇူး– ဟုဆိုသည့်ပမာ သူပြုဖူးသောကျေးဇူးကိုသိရမည်၊ လောကဝတ်မကျေလျှင် အနေ ခက်မည်–ဟူသည်နှင့်အညီ လောကဝတ်ကျေပွန်သင့်သည်၊ ရှေ့တစ်မျိုး ကွယ်ရာ တစ်မျိုး ဆိုသလို မဖြစ်သင့်၊ ကျေးဇူးမဆပ်ချင်နေ ကျေးဇူးမကန်းပါနှင့်ဟူသကဲ့သို့ ကျေးဇူးရှိသောပုဂ္ဂိုလ်တို့၌ ကျေးဇူးမသိတတ်, မဆပ်တတ်သောပုဂ္ဂိုလ်များ မဖြစ်သင့်၊

http://www.dhammadownload.com



ယင်းသို့ဖြစ်လျှင် နောင်အခါ၌ မိမိကိုယ်ပေါ်ပေါက်လတ်သော် ကူညီစောင်မတတ် သောပုဂ္ဂိုလ်ကို မရရှိနိုင်ခြင်း စသော သခ်ၢန်းစာတို့ကို ရရှိနိုင်ပါသည်။
(ခ ) ရသတဏှာ အားကြီးသောသူ မဖြစ်သင့်၊ ယင်းသို့ဖြစ်လျှင် ဣဿာ မစ္ဆရိယ စသော အကုသိုလ်တရား ဖြစ်ပွားတတ်သည်၊ ယထာဝါဒီ တထာကာရီ–ဟူသည်နှင့် အညီ သူတစ်ပါးကိုဆုံးမ၍ မိမိက မလိုက်နာသော် အနုသာသိကာ ဘိက္ခုနီမ ၄က်မ တို့ကဲ့သို့ ဒုက္ခရောက်တတ်သည်၊ ထို့ကြောင့် အပြောနှင့်အလုပ် ညီသောပုဂ္ဂိုလ် ဖြစ်သင့်သည် စသော သခ်ၢန်းစာတို့ကို ရရှိနိုင်ပါသည်။

## ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ(ပဲခူးတိုင်း/အရှေ့)
## ပထမလတ်တန်း။ ။ ဓမ္မပဒဘာသာ
## ၁၃၆၃–ခုနှစ်၊ တပေါင်းလဆန်း(၆)ရက်၊ (၁၉–၃–၂၀၀၂) အင်္ဂါနေ့

၁။ ဒဏ္ဍာဝဂ်၊ သမ္မဟုလကုမာရဝတ္ထုလာ– ဂါထာတို့ကို ပါဠိသက်သက်ရေးပါ။

၂။ ကောင်းကင် ပင်လယ် မည်သည့်အရပ်ဒေသမဆို သေမင်းမနှိပ်စက်နိုင်သော အရပ် မရှိဟု ဟောကြားချက် ဂါထာကို ပြည့်စုံအောင် အနက်ယောဇနာပါ။

၃။ သူတော်ကောင်းတို့၏ အမှုအရာထူးခြားချက်ကို ပဠိသတဘိက္ခုဝတ္ထုကို မျှော်၍ ဖော်ထုတ်ပြပါ။

၄။ မိမိကိုယ်ကိုချစ်သူဟု အကယ်၍သိလျှင် လိုက်နာသင့်သောအချက်တို့ကို ဗောဓိရာဇ ကုမာရဝတ္ထုလာအတိုင်း ဖြေဆိုပြပါ။

၅။ အဘယ်သို့သောပုဂ္ဂိုလ်ကို သေမင်းမမြင်နိုင်သနည်း ဖော်ပြ၍ မည်သို့သောပုဂ္ဂိုလ် အား မပြုတုံ့သော မကောင်းမှုဟူသည်မရှိဟု ဆိုနိုင်ပါသနည်း ဖြေဆိုပါ။

၆။ ပဏ္ဍိတသာမဏေ တရားအားထုတ်နေစဉ် ဆွမ်းခံမှပြန်ကြွလာသော အရှင်သာရိပုတ္တရာ အား မြတ်စွာဘုရားမေးမြန်းတော်မူသော မေးခွန်းများနှင့် အရှင်သာရိပုတ္တရာ ဖြေဆို တော်မူသော အဖြေတို့ကို အမေးအဖြေတွဲစပ် ဖြေဆိုပါ။

၇။ အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ နှမတော် ညီတော်တို့၏ အမည်များကို ဖော်ပြ၍

http://www.dhammadownload.com



သံကိစ္စသာမဏော အမိဝမ်းတွင်းကိန်းစဉ်အခါ မိခင်ကွယ်လွန်သဖြင့် အလောင်းကောင်ကိုမီးရှို့ရာ အဘယ့်ကြောင့်ဝမ်းတွင်းရှိ ကလေးမှာ အသက်မသေရသနည်း ဖြေဆိုပါ။

၈။ တစ်ချိန်သောအခါ အနာထပိဏ်သူဌေးအား ဥစ္စာများကုန်ခမ်းသွားရာ မည်သည့်အကြောင်းများကြောင့် ကုန်ခမ်းရသည်ကို ဖော်ပြ၍ မလွှိုကာမိဖုရား ကွယ်လွန်ပြီးနောက် မည်သည့်ကံကြောင့် မည်သည့်ဘုံသို့ ရောက်သွားသည်ကိုလည်း ဖြေဆိုပါ။

## ပဲခူးတိုင်း/အရှေ့။ လတ်။ ဓမ္မပ်ဒဘာသာအဖြေ

၁။ ( သမ္မဟုလ ကုမာရကဝတ္ထု၊ ဂါထာ ၁၃၁ ၂။ ၆– ၃ ၃၃)။

၂။ ( သုပ္ပဗုဒ္ဓသက္ကဝတ္ထု၊ ဂါထာ ၁၂၈၊ ၆– ၃– ၂၉။ )

၃။ သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသောတရား အားလုံးတို့၌ တပ်နှစ်သက်ခြင်းကို ပယ်စွန့်ကုန်၏။ ငါးပါးအာရုံကာမဂုဏ်ကို လိုလားမက်မောသောအားဖြင့် ကိုယ်တိုင်လည်းမပြော၊ သူတစ်ပါးတို့ကိုလည်း မပြောစေကုန်၊ ချမ်းသာ ဆင်းရဲနှင့် တွေ့ကြုံသောအခါ နှစ်သက်ခြင်း ဆန့်ကျင်ခြင်း မြတ်သော ယုတ်သောအခြင်းအရာကို မပြကြကုန်။ (ဂါထာ – ၈၃၊ ၆– ပ– ၃၇၇)

၄။ ( ချင်းပြည်နယ် ၅–တွင်ရှုလေ။ )

၅။ ဤခန္ဓာကိုယ်သည် ခဏဖြစ်ချုပ် အခြေနေပ်သဖြင့် ရေမြှုပ်နှင့်တူ၏ ဟုသိပြီး၍ တံလျှပ်အလား နှစ်သားမပါ ချည်းနှီးသာဟု သိသောသူကို မာရ်မင်း၏ သပုပ္ပကဟူသော တေဘူမကဝဋ်ဗုတရားတို့ကို အရဟတ္တမဂ်ဉာဏ်လက်နက်ဖြင့် ဖြတ်တောက်ပြီးဖြစ်ရကား သေမင်းမမြင်နိုင်ပါ။ ( ဂါထာ ၄၆။ ၆– ပ– ၂၁၄။)
တစ်ခုသော မုသားစကားကို ကျော်လွန်ကျင့်သော စွန့်လွှတ်အပ်သော တမလွန်လောကရှိသောသူအား မပြုတ်ံသော အကုသိုလ်မည်သည် မရှိပါ။ (ဂါ– ၁၇၆ )

၆။ ၁။ ချစ်သား သာရိပုတ္တရာ ဘာကိုရသနည်း
အာဟာရကိုရပါသည် အရှင်ဘုရား။
၂။ ချစ်သားသာရိပုတ္တရာ အာဟာရသည် ဘာကိုဆောင်သနည်း

http://www.dhammadownload.com



ဝေဒနာကိုဆောင်ပါသည် အရှင်ဘုရား။
၃။ ချစ်သားသာရိပုတ္တရာ ဝေဒနာသည် ဘာကိုဆောင်သနည်း
ရုပ်ကိုဆောင်ပါသည် အရှင်ဘုရား။
၄။ ချစ်သားသာရိပုတ္တရာ ရုပ်သည် ဘာကိုဆောင်သနည်း
ဖဿကို ဆောင်ပါသည်အရှင်ဘုရား။။ ( ၅– ပ၊ ၃၇၀)

၇။ နှမများ– စာလာ, ဥပစာလာ, သီသူပစာလာ ၃–ယောက်၊
ညီတော်များ– စုန္ဒ, ဥပသေန, ရေဝတ ၃–ယောက်၊ ( ၅ ပ– ၃၉ဖ။ )
သံကိစ္စသာမဏေသည် ပဏ္ဍိတဘာဝိကဟုရှိလိုပြစ်သည်၊ ပဏ္ဍိတဘာဝိကပြစ်သော ဟုရှိလ်အား ပြင့်မိုရ်တောင်ဖြင့် ဖိသော်လည်း ရဟန္တာအဖြစ်သို့မရောက်သေးခင် အသက်ကုန်ခြင်းမည်သည် မရှိနိုင်သောကြောင့် မသေနိုင်ပါ။ ( ၅– ပ– ၄၂ဖ )။

၈။ ဥစ္စာများ ကုန်ခမ်းသွားခြင်းအကြောင်း– ကုန်သည်ကိုမှီ၍အသက်မွေးသူတို့သည် အနာထပိဏ်သူဌေးကြီး၏လက်မှ ဥစ္စာ ၁၈–ကုဋေသော ကြေးပြီးကို ချေးယူကြ ကုန်သောကြောင့်လည်းကောင်း။ သူဌေးကြီး၏ အမျိုးအနွယ်မှရသော ဥစ္စာဖြစ်သော ငွေ ၁၈–ကုဋေတို့သည်လည်း မြစ်ကမ်းနား၌ မြှုပ်ရှိထားရာ ရေကြောင့်ကမ်းပြိုသော် ထိုဥစ္စာအားလုံး သမုဒ္ဒရာသို့ ပါဝင်သွားကုန်သောကြောင့် လည်းကောင်းတည်း။

မလ္လိကာမိဖုရားသည် မိမိခွေးနှင့်ပြစ်မှားသည်ကို ရှောင်လွှဲလိုသည့်အတွက် ရေချိုးအိမ်သို့ဝင်လျင် တစ်ယောက်တည်းဝင်လျှင် နှစ်ယောက်အားဖြင့် ထင်ရ၏–ဟု မင်းကြီးကို လှည့်စားခဲ့ခြင်း။ မင်းကြီးကိုလည်း ဆိတ်မနှင့် ပြစ်မှား၏–ဟူ၍ မဟုတ်မမှန်သောအားဖြင့် စွပ်စွဲခြင်း–ဟူသော မကောင်းမှုကံတို့ကို အောက်မေ့သောကြောင့် ကွယ်လွန်သောအခါ အဝီစိငရဲသို့ ကျရောက်ရပါသည်။ ( ၅–ဒ ၇ဖ။ )

## ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ(ပဲခူးတိုင်း/အရှေ့)
## ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ
## ၁၃ဖခ–ခုနှစ်၊ တပေါင်းလဆန်း(၆)ရက်၊ (၁၉–၃–၂၀၀၂) အင်္ဂါနေ့

၁။ အမျိုးသမီးများ ဘိက္ခုနီပြုသည့်အခါ လူဘဝချစ်ဦးသူ၏ လူ့ဒါန်းအပ်သော အစားအစာကို မစားရ–ဟု ပညတ်ချက်ပြု သိက္ခာပဒနှင့်၊ ရုတ်တရက် လျှပ်စစ်မီးပျက်သွား၍ မီးမထွန်းမီဘဲ အမှောင်ထဲ အမျိုးသားတစ်ယောက်နှင့် ထိုင်နေသော ရဟန်းမအား

http://www.dhammadownload.com



.အပြစ်ပြသိက္ခာပဒတို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

၂။ ဘိက္ခုပါတိမောက် မဟာနိဒါန်းပြ ပါဠိများကို နိဿရည်းကျကျ အနက်ယောဇနာပါ။

၃။ အခင်းသစ်ပြုလုပ်လိုသောရဟန်း၏ လိုအပ်သော ချည်ပမာဏကိုဖော်ပြ၍ သပိတ်ဟောင်း ငါးဖွဲ့မပြည့်သေးဘဲ သပိတ်အသစ်တောင်းသောရဟန်း ပြုကျင့်ရမည့် ကျင့်ဝတ်များကိုလည်း ဖြေဆိုပါ။

၄။ ကုလားထိုင်ပြုလုပ်လိုသောရဟန်း၏ ကုလားထိုင်၏အခြေပါဒ ပမာဏကိုဖော်ပြ၍ အဘယ့်ကြောင့် ပါဠိဒေသနီဟု ခေါ်ပါသနည်း။ ပါဠိဒေသနီအာပတ်ကုစားပုံကိုလည်း ရေးပြပါ။

၅။ ကိုယ်ကောင်းလျှင် ခေါင်းမရွေ့ပါဘူး– ဘယ်ယောက်ျားက ပေးပေး သင်္ဃိလိုပေး သေဆေးတောင်စားကောင်းတယ်–ဟု ပြောဆိုလာသူ အလိုဆိုးရဟန်းမ၏ ပြောဆိုတိုက်တွန်းပုံပြ စကားရပ်ကို ပေါ်လွင်စွာရေး၍ ဘော့စ်–ခေါ် သူဌေးများနှင့် ရောရောနှောနှောနေသော ရဟန်းမအား ပြောဆိုဆုံးမပုံပြ စကားရပ်များကိုလည်း ရေးပြပါ။

၆။ အောက်ပါရဟန်း/ရဟန်းမတို့အား သင့်ရောက်သောအပြစ်များကို သိက္ခာပုဒ်နှင့် တွဲစပ်ဖြေဆိုပါ။
(က) ဌေစုဘဏ်စာအုပ်ကို လာလှူသည်ကို ဝမ်းသာစွာလက်ခံသောရဟန်း။
(ခ ) လောကီလိုင်းအလုပ်လုပ်၍ ဓမ္မဝိနယနှင့်အညီ ပြောဆိုလာသည်ကို မနာခံသော ရဟန်း။
(ဂ ) မှောင်ခိုသမားနှင့်တိုင်ပင်၍ ခရီးအတူသွားသောရဟန်း။
(ဃ) ရတနာဆင်ဖြူတော်ဆောင်ကို သွားရောက်ကြည့်ရှုသောရဟန်းမ၊
(င ) မွေးဆပ်ပြာအသုံးပြု၍ ရေချိုးသောရဟန်းမ။

၇။ ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ ပါရာဇိကေန ဓမ္မေနဋ္ဌ ပါရာဇိကအရ ယူသင့်သောပါရာဇိကကို တိကျစွာဖော်ပြ၍ စောဒနာ–လေးမျိုးတို့၏ အဓိပ္ပါယ်ကိုလည်း ပြည့်စုံအောင် ရေးသားဖြေဆိုပါ။

၈။ အနိယတသိက္ခာပုဒ်နှစ်ပါးအတွက် သီးခြားအာပတ်မရှိပါပဲ အဘယ်အကျိုးငှါ ပညတ်

http://www.dhammadownload.com



တော်မူအပ်ပါသနည်း ဖြေဆိုရ၏။ ပထမအနိယတထက်ထူးသော ဒုတိယအနိယတ လာ အချက်အလက်များကိုလည်း ဖြေဆိုပါ။

## ပဲခူးတိုင်း/အရှေ့။ လတ်။ ဒွေမာတိကာဘာသာ အဖြေ

၁။ ( ဘောဇနပဋိဂ္ဂဟဏသိက္ခာပုဒ်၊ ရတ္တန္ဓကာရသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။ )

၂။ ( တေ္တကံ တသ ဘဂဝတော ------ သက္ခိတမ္ဘန္တိ-ကို အနက်ရေးလေ။ )

၃။ အနက်ရောင်သိုးမွေး ၂-ဆ ( လေးဖို့နှစ်ဖို့ )၊ အဖြူရောင်သိုးမွေး ၁-ဆ ( လေးဖို့တစ်ဖို့) အညိုအရွှေရောသော သိုးမွေး ၁-ဆ ( လေးဖို့တစ်ဖို့ )ပါစေ၍ ပြုလုပ်ရပါမည်။ ပြုကျင့်ရမည့်ဝတ္တရား- ငါးဖွဲ့မပြည့်ဘဲ သပိတ်သစ်ကိုတောင်းမိသော ရဟန်းသည် ထိုသပိတ်သစ်ကို ရဟန်းပရိသတ်၌ စွန့်ရမည်၊ ထိုရဟန်းပရိသတ်၏ အဆုံးစွန်သော သပိတ်ကို ထိုရဟန်းအား ''သင်သည် ဤသပိတ်ကို ကွဲရာကာလတိုင်အောင် သုံးဆောင်ရမည်'' ဟု ပြော၍ ပေးရမည်။

၄။ ပမာဏ- ဘုရားရှင်၏ လက်သစ်တော်ဖြင့် လက်ရှစ်သစ်ဖြစ်သည်။ သီးခြားဒေသနာပြောထိုက်သောကြောင့် ပါဠိဒေသနာ-မည်ပါသည်။ ''ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိ အသပ္ပါယံ ပါဠိဒေသနီယံ၊ တံ ပဋိဒေသေမိ- ဟု ဒေသနာပြောကြား၍ ကုစားရပါမည်။

၅။ အရှင်မ သင်သည် ဆန္ဒရာဂဖြင့် မစိုစွတ်၊ ထို့ကြောင့် ဤယောက်ျားမှ,ရှိလ်သည် အရှင်မအပေါ်၌ ဘာတတ်နိုင်မည်နည်း။ တိုက်တွန်းပါ၏။ ဤယောက်ျားမှ,ရှိလ်သည် အရှင်မအား ခဲဘွယ်ကိုလည်းကောင်း ဘောဇဉ်ကိုလည်းကောင်း ပေးအုံ့၊ ထိုခဲဘွယ် ဘောဇဉ်ကို ကိုယ်တိုင်ခံယူ၍ ခဲစားပါလော့။
(မာယျေ သံသဠာ ဝိဟရိ--- သံယော ဝဏ္ဏတိ- ကို ပါဠိ (သို့) မြန်မာပြန် ရေးလေ။ )

၆။ (က) ရူပိယသိက္ခာပုဒ်ဖြင့်- နိဿဂ္ဂိပါစိတ်၊
(ခ ) အနာဒရိယသိက္ခာပုဒ်ဖြင့်- သုဒ္ဓပါစိတ်၊
(ဂ ) ထေယျသတ္ထသိက္ခာပုဒ်ဖြင့်- သုဒ္ဓပါစိတ်၊

http://www.dhammadownload.com



(ဃ) ရာဇာဂါရသိက္ခာပုဒ်ဖြင့် - သုဒ္ဓပါစိတ်၊
(င ) ဂန္ဓဝဏ္ဏကသိက္ခာပုဒ်ဖြင့် - သုဒ္ဓပါစိတ်။

၇။ ပါရာဇိကအရ- ဘိက္ခုပါရာဇိက ၁၉-ပါးတို့တွင် တစ်ပါးပါးကိုယူ။
**စောဒနာ ၄-မျိုး -**
**ဝတ္ထုဝသန္ဒဿနာစောဒနာ-** သင်သည် မေထုန်အကျင့်ကိုမှီဝဲ၏ စသည်ဖြင့် အာပတ်သင့်ခြင်း၏ အကြောင်းဝတ္ထုကိုပြ၍ စောဒနာခြင်း။
**အာပတ္တိသန္ဒဿနာစောဒနာ-** သင်သည် မေထုနဝမ္မအာပတ်သို့ရောက်၏ စသော နည်းဖြင့် အာပတ်ကိုပြ၍ စောဒနာခြင်း။
**သံဝါသပဋိက္ခေပစောဒနာ-** သင်နှင့်အတူ ဥပုသ်, ပဝါရဏာ, သံဃာ့ကံမရှိ ဟု သံဝါသကို ပယ်လျက် စောဒနာခြင်း။
**သာမီစိပဋိက္ခေပစောဒနာ-** ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေ ပြုခြင်း စသည်ကို မပြုသောအားဖြင့် စောဒနာခြင်း။

